ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက် ၊ စနေနေ့ ၊ (16-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၀၀)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၄ ခုနှစ် တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊

စာမျက်နှာ ၁၆ ကော်လံ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ရတနာပုံ

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက်

အယ်ဒီတာ့အာဘော်

# အမျိုးသားအားကစားပွဲတော်ကြီးအောင်မြင်ရေးသည် အမျိုးသားရေးတာဝန်

နိုင်ငံတစ်နိုင်ငံတွင် ကျန်းမာသန်စွမ်းသောနိုင်ငံသား လူ့စွမ်းအားအရင်းအမြစ်များ ပိုင်ဆိုင်ထားမှသာ ထိုနိုင်ငံသည် အင်အားတောင့်တင်းသည့် နိုင်ငံဖြစ်လာပေမည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်အနက် လူမှုရေးဦးတည်ချက်ထဲတွင် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်သည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဟူ၍ ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း **"အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့်ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်"**ဟု လမ်းညွှန်ထားသည်။ အားကစားကဏ္ဍအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြင့်တက်စေသည်ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ယခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့မှ ၂၀ ရက်နေ့ထိ နေပြည်တော်၌ နိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာ ကျင်းပတော့မည်ဖြစ်သည်။

ယခုနှစ် (၂၀၂၄ ခုနှစ်) ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်းမြင့်မားရေးနှင့် အောင်မြင်မှုရှိစွာယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဟူသည့် ရည်ရွယ်ချက်ငါးရပ်နှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းကမ်းလိုက်နာတတ်မှုတို့ကို ထင်ဟပ်ပေါ်လွင်စေနိုင်သည့် စွမ်းရည်ပြပြိုင်ပွဲတစ်မျိုးပင်ဖြစ်သည်။ ထို့ကြောင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားမောင်မယ်တို့သည် ယှဉ်ပြိုင်ကစားကြရာတွင် ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသကဲ့သို့ မလျှော့သောဇွဲ၊ သတ္တိ၊ ပြင်းပြသောလုံ့လတို့နှင့် လေ့ခွက်ချည်းကျန် အလံမလှဲဆိုသည့် စိတ်ဓာတ်၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များနှင့် ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်။ ပြိုင်ဘက်အားကစားသမားအချင်းချင်း အပေါ်တွင်လည်း တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းခြင်း၊ ရဲဘော်ရဲဘက်စိတ်ထားရှိခြင်းတို့ဖြင့် မိမိတို့ဌာန၊ ဒေသအသီးသီးကို ကိုယ်စားပြုယှဉ်ပြိုင်ကြပြီး ဌာန၊ ဒေသဂုဏ်ဆောင်အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်အဆင့်ရောက်အောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။ အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်။ ထို့အတူ အားကစားကဏ္ဍ တိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေခြင်းဖြစ်ရာ မကြာခင်ကျင်းပတော့မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ တာဝန်ရှိသူများနှင့် မိဘပြည်သူတစ်ရပ်လုံးကပါ အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်သို့ လာရောက်ဖူးမြော်သည့် ဘုရားဖူးပြည်သူများ စည်ကားများပြား



**မန္တလေး နိုဝင်ဘာ ၁၅**

တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမဟာမုနိရုပ်ရှင်တော်သို့ လာရောက်ဖူးမြော်သည့် ဘုရားဖူးပြည်သူများ စည်ကားများပြားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး အတွင်းရေးမှူး ဦးသန်းဦးက ပြောပြ၍ သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့၌ တစ်နိုင်ငံလုံးရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း၊ အလားတူ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများထဲတွင်ပါဝင်သည့် မဟာမုနိရုပ်ရှင်တော်သို့ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းမှစ၍ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်မှု များပြားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့က မြန်မာနိုင်ငံမှာ အခါကြီးရက်ကြီးဖြစ်တဲ့ တန်ဆောင်မုန်းလပြည့်နေ့လဲဖြစ်တဲ့အပြင် ဥပုသ်နေ့လဲဖြစ်တာကြောင့် မန္တလေးမြို့မှာရှိတဲ့ မဟာမုနိရုပ်ရှင်တော်ကို မုခ်ဦးလေးခုကနေ ဝင်ရောက်ပြီး ဘုရားလာဖူးကြပါတယ်။ မန္တလေးမြို့အပြင် အခြားနယ်ဝေးဒေသတွေကနေပါ လာရောက်ဖူးမြော်ခဲ့ပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး အတွင်းရေးမှူး ဦးသန်းဦးက ပြောပြသည်။

မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်ကို ယနေ့ကျရောက်သည့် တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းမှစ၍ ညနေပိုင်းထိ ဘုရားဖူးပြည်သူ စုစုပေါင်းဦးရေ ၂၉၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း၊ မဟာမုနိရုပ်ရှင်တော်ကို ဘုရားဖူးပြည်သူများ အဆင်ပြေစွာဖူးမြော်နိုင်ရေးအတွက် ဘုရားဖူးချိန် နံနက် ၄ နာရီ မှ ည ၇ နာရီထိ ခွင့်ပြုပေးထားကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်မှာ တန်ဆောင်မုန်းလပြည့်နေ့ မနက်ပိုင်းမှာတော့ မသိုးသင်္ကန်းတော် ရက်လုပ်လှူဒါန်းပွဲကို ထည့်သွင်းကျင်းပ ပြုလုပ်ခဲ့ပါတယ်။ ဘုရားဖူးပြည်သူတွေ တော်တော်လေး များပြားခဲ့ပါတယ်။ ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်တာနဲ့ ရွှေသင်္ကန်းကပ်လှူတဲ့ ဘုရားဖူးပြည်သူတွေလဲ များပြားခဲ့ပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး အတွင်းရေးမှူး ဦးသန်းဦးက ပြောပြသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ အထင်ကရနေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် မဟာမုနိရုပ်ရှင်တော်အပြင် မန္တလေးတောင်တော်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီ စသည့်နေရာများသို့လည်း ဘုရားဖူးများ လည်ပတ်မှုများပြားခဲ့ကြောင်း သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေးအိမ်ခြံမြေဈေးကွက်တွင် မြို့နယ်တိုင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းများကြောင့် အရောင်းအဝယ် အေးစက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့ထိ ရောင်းချင်တာတွေများနေပြီး အဝယ်ကတော့နည်းနေသေးတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ရတာလဲနည်းပါတယ်။ အခုအချိန်ထိ ဝယ်မဲ့သူ၊ ဝယ်ချင်သူတွေက ဈေးကျမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်ကြည့်နေကြပြီး ဝယ်ဖို့တုံ့ဆိုင်းနေကြတာတွေလဲ တွေ့ရတယ်။ နောက်ပြီးတော့ တန်ဖိုးနည်း အကွက်ရိုက်မြေကွက်လေးတွေတော့ အရောင်းအဝယ်ရှိနေသေးတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအောင်အောင်က ပြောပြသည်။

ဂရန်မြေကွက် ဈေးနှုန်းများအနေဖြင့် ပေ ၄၀x၆၀ မြေကွက်များမှာ ငွေကျပ်သိန်း ၉၀၀ ခန့်မှ သိန်း ၅၀၀၀ ကျော်ထိ ပေါက်ဈေးရှိနေပြီး အချို့သောမြေကွက်များမှာ မြေနေရာကျယ်ဝန်းမှု၊ နေရာအချက်အချာကျမှု၊ လမ်းမတန်းများနှင့် မူလအမည်ပေါက် စသည့် အချက်အလက်များအပေါ် မူတည်ကာ ဈေးနှုန်းကွာခြားချက်များရှိရာ ပေါက်ဈေးကျပ်သိန်းသောင်းဂဏန်းထိရှိကြောင်း သိရသည်။

ငှားရမ်းနေထိုင်မှုတွင်လည်း ဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၈၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့် ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ မြရည်နန္ဒာရပ်ကွက် (၄၄ လမ်းမှ ၆၁ လမ်း) လမ်းအပိုင်းများရှိ လမ်းမတန်း မြေကွက်များမှာ ငွေကျပ်သိန်း ၃၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၈၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၀၀၀ ခန့်နှင့်အထက် ဈေးရှိကြောင်း အိမ်ခြံမြေဝယ်ရောင်းများထံမှ သိရသည်။ (၁၇၃)

# အရာတော်မြို့နယ်တွင် မတ်ပဲ ၂၃၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၃၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၃၀၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မတ်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် နတ်ကန်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နတ်ကန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းဖြင့် ဒေသနို့စားနွားမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုအောင်၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နတ်ကန်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ရှေ့ဆောင်အဖွဲ့၊ လမ်းပြအဖွဲ့၊ စပယ်အဖွဲ့နှင့် ချမ်းသာအဖွဲ့လေးဖွဲ့မှ နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုအောင်က ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)နှင့်ပတ်သက်၍လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ (RBF)စီမံကိန်း ခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီး ရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ RBF စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် LED မီးလုံးတပ်ဆင်ရန်အတွက် မန္တလေးမြို့ မဟာမင်းထင်တိုက် အောင်ရတနာကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ၊ ဘဒ္ဒန္တခေမာစာရတို့က ငွေကျပ် ၁၀၅၀၀၀၀၊ မန္တလေးမြို့ ၃၆ လမ်း၊ ၇၇-၇၈ လမ်းကြားနေ ဒေါ်ခင်ရီ သမီး-မသီသီစိုး(မြမဥ္ဇူရွှေဆိုင်မိသားစု)က ငွေကျပ် ၁၅၀၀၀၀ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီ၌ မြေပဲ ၂၀၀၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မအူပင် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၂၀၀၈ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီ၌ မြေပဲ ၂၀၀၈ ဧကကို ယခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပဲများ အပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် နည်းပညာများနှင့် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများကို သက်သာသည့်နှုန်းထားဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်တစ်ခုလုံး အနေနဲ့ မြေပဲ ၂၀၀၈ ဧကထိ လျာထားစိုက်ပျိုးမှာ ဖြစ်ပါတယ်။ ဒီနေ့မှာတော့ မြေပဲဧကအားလုံး ရာနှုန်းပြည့် အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့မြေပဲတွေ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ စတဲ့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်။ ဆက်လက်ပြီးလဲ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံများ စိုက်ပျိုးရာသီတွင် မြေပဲများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများက အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက ညောင်လူးကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးရွာရှိရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောင်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၉၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၂၀၁ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၂ဦးကို ငွေကျပ် ၂၄ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၉ ဦးကို ရန်ပုံငွေကျပ်၃၂၄သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၀၅၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ချောင်းဦး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၀၅၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၅၅၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်၍ ယနေ့ထိ ရိတ်သိမ်းခဲ့ရာ ၁၀၅၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်း ၃၅၅၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဆက်လက် ရိတ်သိမ်းလျက်ရှိပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)



# ဆေးဖက်ဝင် ပိန်းဥနှင့်ပိန်းရွက် အပိုင်း(၂)

**ကိုယ်အလေးချိန်ကျလိုသူများ စားသင့်သောပိန်းဥ**

ပိန်းဥ ၁၀၀ ဂရမ်တွင် ၁၁၂ ကယ်လိုရီပါဝင်သဖြင့် အာလူးထက် ကယ်လိုရီပိုများနေသောကြောင့် လွန်ကဲစွာစားသုံးမိပါက ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် အလေးချိန်တက်စေနိုင်သည်။ ပိန်းဥ ပမာဏကို ထိုက်သင့်သလောက် မကြာမကြာစားပေးပါက ရသင့်သောကျန်းမာရေးအကျိုးကျေးဇူးများကို ဘေးဥပဒ်ကင်းစွာ ရရှိနိုင်မည်ဖြစ်သည်။ ပိန်းဥတွင် အဆီမပါသကဲ့သို့ ကိုလက်စထရော ပါဝင်မှုနည်းသဖြင့် သွေးလှည့်ပတ်မှုကိုကောင်းစေသည်။ ပိန်းဥတွင် ဗက်တီးရီးယားကိုကာကွယ်နိုင်သော ဂုဏ်သတ္တိများပါဝင်သောကြောင့် ပုံမှန်စားပေးပါက အလွယ်တကူ အအေးမိဖျားနာခြင်းမဖြစ်နိုင်ပေ။ ပိန်းဥတွင် ကစီဓာတ်(ကာဘိုဟိုက်ဒရိတ်)များစွာပါဝင်၍ လိုအပ်သောစွမ်းအင်ကိုရစေပြီး အမျှင်ဓာတ်နှင့် ကာဘိုဟိုက်ဒရိတ်သည် အစာခြေစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေကာ ကိုယ်အလေးချိန်လျှော့ကျမှုကိုဖြစ်စေသည်။

ပိန်းဥတွင်ပါဝင်သောကစီဓာတ်ကြောင့် ကိုလက်စထရောကိုလျှော့ကျစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ကျစေသည်။ ပိန်းဥတွင် သိသာထင်ရှားစွာ ပါဝင်သော အမျှင်ဓာတ်ကြောင့် ကာဘိုဟိုက်ဒရိတ် စုပ်ယူမှုကိုနှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်းကိုကာကွယ်ပေးသည်။ ထို့ပြင် ကိုယ်ခန္ဓာအတွက် လိုအပ်သောစွမ်းအင်ကို ကာဘိုဟိုက်ဒရိတ်မှပေးသဖြင့် ပိန်းဥအတွင်းရှိ ကစီဓာတ်နှင့် အမျှင်ဓာတ်ပေါင်းစပ်ခြင်းဖြင့် ဆီးချိုရောဂါအတွက် သင့်တော်သော ကာဗိုဟိုက်ဒရိတ်ကိုရရှိစေမည်ဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ တစ်ရက်လျှင် အမျှင်ဓာတ် ၁၀ ဂရမ်ကို စားသုံးသူများသည် နှလုံးရောဂါဖြစ်ခြင်းမှ ၁၇ ရာခိုင်နှုန်းကို လျှော့ကျစေခြင်းကြောင့် ပိန်းဥသည် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ပါးစေသည်ဟုဆိုနိုင်သည်။

**ပိန်းဥမှရရှိနိုင်သောကျန်းမာရေးအကျိုးကျေးဇူးများ**

ပိန်းဥ၏ကျန်းမာရေးအကျိုးများတွင် သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်နိုင်ခြင်း၊ ကိုယ်အလေးချိန်လျှော့ကျစေခြင်း၊ အစာခြေလုပ်ငန်းစဉ်ကို တိုးတက်စေခြင်း၊ နှလုံးကျန်းမာရေးကိုကောင်းမွန်စေခြင်းတို့ ပါဝင်သည်။ ပိန်းဥတွင် ကိုယ်တွင်းအစာခြေခြင်းကို ဟန့်တားပေးသော ကစီဓာတ်များ ပါဝင်မှုများသောကြောင့် ထပ်မံအစားစားလိုစိတ်ကို လျှော့ကျစေပြီး ကိုယ်အလေးချိန်ထိန်းလိုသူများအတွက် အကျိုးရှိသည်။

ပိန်းဥတွင် ကျန်းမာရေးအတွက်အကျိုးရှိသော အပင်မှထွက်သည့် ပိုလီဖီနောဒြပ်ပေါင်းပါရှိသဖြင့် ကင်ဆာအမျိုးမျိုးကိုကာကွယ်ပေးပြီး ကင်ဆာရောဂါဖြစ်နိုင်ခြေကိုလျှော့ကျစေနိုင်သော စွမ်းရည်ရှိသည်။ ပိန်းဥတွင်တွေ့ရသော ပိုလီဖီနောသည် ကြက်သွန်နီ၊ ပန်းသီးနှင့် လက်ဖက်တို့တွင်ရှိသော ကွာဆက်တင်ဒြပ်ပေါင်းအမျိုးအစားဖြစ်သည်။ ၎င်းဒြပ်ပေါင်းသည် ကင်ဆာဆဲလ်များကိုသေစေနိုင်ပြီး ကင်ဆာအမျိုးမျိုးဖြစ်ပေါ်ခြင်းကို နှေးကွေးစေသည်။ ၎င်းသည် ဓာတ်တိုးဆန့်ကျင်မှုကို ကာကွယ်ပေးနိုင်သော အစွမ်းထက် Free Radicals များကို ကာကွယ်ပေးသည်။

ပိန်းဥအစိမ်းထဲတွင်ပါဝင်သော Oxalate ဓာတ်သည် ဂေါက်ရောဂါနှင့် ကျောက်ကပ်တွင် ကျောက်တည်ခြင်းရောဂါတို့ကို အားပေးစေနိုင်သဖြင့် သေချာစွာ အပူပေးချက်ပြုတ်ပြီးမှသာ စားသောက်သင့်သည်။ ပိန်းဥကို အလွန်ကြိုက်နှစ်သက်ကြသော အဆိုပါရောဂါရှိသူများသည် Oxalate ဓာတ်ပြယ်စေရန် အတွက် ပိန်းဥကို နွားနို့ သို့မဟုတ် ကယ်လ်စီယမ်ကြွယ်ဝစွာပါရှိသောအစားအစာတစ်ခုခုဖြင့် တွဲဖက်၍ စားသုံးပေးသင့်သည်။ သို့သော် မလိုလားအပ်သော ပြဿနာများမဖြစ်လာစေရေးအတွက် ထိုရောဂါ ဝေဒနာရှင်များအနေဖြင့် ပိန်းဥနှင့်ပိန်းရိုးတို့ကို ရှောင်နိုင်လျှင် ပိုကောင်းမည်ဖြစ်ကြောင်း အကြံပြုချင်ပါသည်။

**ပိန်းရွက်နှင့်ကျန်းမာရေး**

လူတချို့သည် ပိန်းဥအပြင် ပိန်းရွက်နုနုကို ပေါင်း၍စားကြသော်လည်း အချို့ပိန်းရွက်က ယားယံစေသဖြင့် ပေါင်းစားရန်မသင့်ပါ။ ပိန်းရွက်ကိုအစိမ်း



စားပါက ၎င်းတွင်ပါဝင်သော ကယ်လ်စီယမ် အောက်စာလိတ်ကြောင့် အဆိပ်အတောက်ဖြစ်စေနိုင်သည်။ ပိန်းရွက်အရသာသည် ဟင်းနုနယ်ရွက်အရသာနှင့်တူသော်လည်း ချက်ပြုတ်ချိန်ပိုပေးရသည်။ ပိန်းရွက်ဟင်းသည် အများအားဖြင့် အာရှနိုင်ငံများ၊ ကာရေဗီယန်ဒေသ၊ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အာဖရိကနိုင်ငံများ၏ အများဆုံးစားသုံးရာဟင်းလျာဖြစ်သည်။ ပိန်းရွက်သည် အာဟာရဓာတ်များပြီး အမျှင်ဓာတ်ပါဝင်မှုများကာ ကယ်လိုရီနည်းပါးသည်။ ပိန်းရွက်တွင် ဗီတာမင် A၊ ဗီတာမင် C နှင့် ဖောလိတ်ဓာတ်တို့အပြင် လူတို့၏ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များဖြစ်သည့် သံဓာတ်၊ မီးစုန်းဓာတ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်နှင့် ကယ်လ်ဆီယမ်တို့ပါဝင်သည်။

ပိန်းရွက်သည် အစိမ်းရင့်ရောင်ရှိပြီး နှလုံးရောဂါဖြစ်နိုင်မှုကို ၁၅ ဒသမ ၈ ရာခိုင်နှုန်းခန့်လျှော့ကျစေသည့်အပြင် ၎င်းတွင်ပါဝင်သော နိုက်ထရိတ်ကြောင့် သွေးဖိအားကိုပုံမှန်ဖြစ်စေကာ နှလုံးကျန်းမာရေးကို ထိန်းသိမ်းပေးနိုင်သည်။ ပိန်းရွက်သည် အဆီအနည်းငယ်သာပါပြီး ကိုလက်စထရောမပါဘဲ အမျှင်ဓာတ်ပါဝင်မှုများသောကြောင့် ကိုယ်အလေးချိန် ထိန်းရန်၊ နှလုံးရောဂါကိုကာကွယ်ရန် ရောဂါဖြစ်စေသော ကိုလက်စထရောပါဝင်မှုနည်းရန်နှင့် အမျှင်ဓာတ်ရယူမှုများစေရန် စားသုံးသင့်သည်။

ထို့ပြင် ပိန်းရွက်တွင် ရေဓာတ် ၉၃ ရာနှုန်းခန့်ပါဝင်သည်။ အစားအစာတစ်ခုစားရာတွင် အမျှင်ဓာတ်များများနှင့် ရေများများပါဝင်ပါက ဗိုက်ပြည့်သကဲ့သို့ ခံစားရပြီး အစာထပ်မံစားလိုစိတ်ကို ကာကွယ်ပေးနိုင်သဖြင့် ကိုယ်အလေးချိန်လျှော့ရန်နှင့် ဝိတ်ထိန်းရန် အကူအညီပေးသည်။ အဝလွန်ခြင်းနှင့်အတူဖြစ်တတ်သော နှလုံးရောဂါကို ကိုယ်အလေးချိန်ကိုထိန်းခြင်းဖြင့် ကာကွယ်နိုင်သည်။ ပိန်းရွက်တွင် ဗီတာမင် C ဓာတ်အများအပြားနှင့် ပိုလီဖီနော ပါဝင်ရာတွင် ဗီတာမင် C သည် ဓာတ်တိုးဆန့်ကျင်မှုဂုဏ်သတ္တိရှိသည်။ ဆဲလ်များပျက်စီးခြင်းနှင့် ကိုယ်တွင်းဖိအားများကို ဖြစ်စေသော အရေးကြီးသောအချက်ဖြစ်သည့် Free Radical များကို ကာကွယ်ပေးသည်။ ပိန်းရွက်များကိုလည်း လူတို့စားသုံးမှုအပြင် တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုနိုင်သည်။

**ပိန်းရိုးဟင်းခါး**

ပိန်းပင်မှပင်စည် ပိန်းရိုးကိုမူ ဟင်းခါး သို့မဟုတ် ဟင်းချိုအဖြစ် ပြုလုပ်စားသောက်လေ့ရှိကြသည်။ ပိန်းဥနှင့် ပိန်းရိုးတို့တွင် Oxalate ဓာတ်ပါရှိသဖြင့် အစိမ်းစားမိပါက ထိုဓာတ်များသည် လူကိုအဆိပ်ဖြစ်စေသည်။ ထို့ကြောင့် Oxalate ဓာတ်များ ပျက်ပြယ်သွားစေရန်အတွက် ပိန်းဥနှင့်ပိန်းရိုးကို မချက်ပြုတ်မီ တစ်ညတာ ကြိုတင်၍ ရေစိမ်ထားသင့်သည်။

**ပိန်းရွက်တွင်ပါဝင်သောသံဓာတ်**

လူတစ်ယောက်သည် ၁၀-၂၀ မီလီဂရမ်ရှိသော သံဓာတ်ပါဝင်သည့် အစားအစာကို စားသုံးသော်လည်း သံဓာတ် တစ်မီလီဂရမ်ခန့်သာ ၎င်း၏ခန္ဓာကိုယ်က စုပ်ယူနိုင်သည်။ အစာအာဟာရတွင် သံဓာတ်နည်းပါးပါက သံဓာတ်ချို့တဲ့သော သွေးအားနည်းရောဂါဖြစ်စေတတ်သည်။ အစာအာဟာရမှရသောသံဓာတ်သည် ခန္ဓာကိုယ်အတွင်း အဓိကလိုအပ်သော အရင်းအမြစ်ဖြစ်သည်။ ပိန်းရွက်သည် သံဓာတ်ပေါကြွယ်ဝသော အဓိကအရင်းအမြစ်ဖြစ်သောကြောင့် ပိန်းရွက်ကို ပုံမှန်ချက်ပြုတ်စားသောက်ခြင်းဖြင့် သွေးအားနည်းရောဂါကို ကာကွယ်ပေးနိုင်သည်။ ပိန်းရွက်တွင် ထရီအိုနင်းခေါ်သော အမိုင်နိုအက်စစ်တစ်မျိုးပါဝင်သည်။ ၎င်းအမိုင်နိုအက်စစ်သည် သာမန်အရေပြားအတွက် အဓိကပါဝင်ပစ္စည်းဖြစ်ပြီး ကိုယ်ခန္ဓာအတွက် ကျုံ့နိုင်ဆန့်နိုင်သော ပရိုတင်းဓာတ်တစ်မျိုးကို ထုတ်ပေးသည်။ လုံလောက်သော Threonine အမိုင်နိုအက်စစ်ပမာဏသည် အသက်ကြီး၍ အရေပြားတွန့်ခြင်းနှင့် အသားအရေတွန့်ခြင်းတို့ကို ကာကွယ်ပေးသည်။ Threonine အမိုင်နိုအက်စစ်ပါသော ပိန်းရွက်ကို အစားအစာအဖြစ် ချက်ပြုတ်စားသောက်ခြင်းဖြင့် အသားအရေကို ကြည်လင်စေပြီး အရွယ်ကို နုပျိုစေပါသည်။

ပိန်းရွက်တွင် ကိုယ်ဝန်ဆောင်ချိန်၌ လိုအပ်သော အာဟာရဓာတ်များစွာပါဝင်သည်။ အဓိကအားဖြင့် ကလေးငယ်များ ဦးနှောက်နှင့်အာရုံကြောပုံမှန်ဖွံ့ဖြိုးစေရေးအတွက် အဓိကအလိုအပ်ဆုံးသော အာဟာရဓာတ်ဖြစ်သော ဗီတာမင် B9 ဟုခေါ်သည့် ဖောလိတ်ခေါ် ဖောလစ်အက်စစ်ပါဝင်ခြင်းဖြစ်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့စို့ကလေးများ ရောဂါဖြစ်လွယ်သော ကလေးငယ်များတွင် ဖောလိတ်ချို့တဲ့ခြင်းကိုဖြစ်စေတတ်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်များ ပိန်းရွက်ကို နေ့စဉ်စားသုံးပါက မိခင်ရော ကလေးပါ ဖောလိတ်ဓာတ်ချို့တဲ့ခြင်းအတွက် အကျိုးသက်ရောက်မှုရှိစေနိုင်သည်။

**အစိမ်းမစားသင့်သော ပိန်းဥနှင့်ပိန်းရွက်**

ပိန်းဥတွင် ကောင်းကျိုးများစွာပါဝင်သော်လည်း သတိထားရမည့်အချက်တစ်ခုမှာ ၎င်းတွင် သဘာဝအတိုင်းတွေ့ရသည့် ကယ်လဆီယမ်အောက်စာလိတ်ခေါ်သော ဒြပ်ပေါင်းတစ်ခုပါဝင်ခြင်းကြောင့် အဆစ်အမျက်ရောင်ရမ်းခြင်း၊ ဂေါက်ရောဂါကို အစပျိုးစေခြင်း၊ ကျောကပ်တွင်ကျောက်တည်ခြင်းတို့ဖြစ်ပေါ်စေသည်။ ပိန်းဥကိုအစိမ်းစားပါက ၎င်းတွင်ပါဝင်သော အောက်စာလိတ်ကြောင့် လည်ပင်းကိုမအီမသာဖြစ်စေပြီး ပါးစပ်တွင်း၌ထုံတုံတုံဖြစ်ကာ တောက်တတ်သည်။ အချို့သော ပိန်းဥအမျိုးအစားများသည် ချွဲကျိကျိများထုတ်သောကြောင့် ပါးစပ်ယားယံပြီး စပ်ဖျဉ်းဖျဉ်းဖြစ်စေသည်။ ထိုသို့ဖြစ်ပါက ပိန်းဥကို ချက်ပြုတ်ခြင်းဖြင့်ဓာတ်ပြယ်စေနိုင်သည်။ ပိန်းရွက်အစိမ်းသည် အဆိပ်အတောက်ကို ဖြစ်စေတတ်သဖြင့် သတိထား ချက်ပြုတ်၍ စားသောက်သင့်သည်။ ပိန်းရွက်စိမ်းတွင် ဟင်းနုနယ်နှင့် သကြားမုန်လာတို့၌ပါဝင်သည့် အောက်စာလိတ်ဓာတ်ပါဝင်နေသော်လည်း အဆိပ်ဖြစ်လောက်သော ဓာတ်ပါဝင်မှုမရှိပေ။ ပိန်းရွက်နုနုတွင် Oxalate ဓာတ်ပါဝင်မှု အလွန်များသောကြောင့် အဆိပ်အတောက်ကိုဖြစ်စေသည်။ Oxalate သည် ကျောက်ကပ်အတွင်းတွင် ကျောက်ဖြစ်ပေါ်စေတတ်၍ ကျောက်ကပ်ရောဂါဖြစ်သူများ Oxalate ပါသောပိန်းရွက်ကို ရှောင်ရှားသင့်သည်။ တချို့ပိန်းရွက်နုများသည် ကိုင်တွယ်မိပါက ယားယံခြင်းကိုဖြစ်စေတတ်သည်။ ထို့ကြောင့် ပိန်းရွက်ကို ချက်ပြုတ်ချိန်တွင် လက်အိတ်ဝတ်ဆင်ကိုင်တွယ်သင့်သည်။

**ပိန်းဥ၏ကျန်းမာရေးအတွက်အရေးပါမှု**

ကျန်းမာရေးအတွက် ပိန်းဥ၏အရေးပါပုံများ အနေဖြင့် အမြင်အာရုံကိုတိုးတက်ကောင်းမွန်စေခြင်း၊ ကြက်မျက်သင့်ဝေဒနာရှင်များကို အကျိုးပြုခြင်း၊ မျက်စိအစိုဓာတ်ကိုထိန်းသိမ်းပေးခြင်း၊ မျက်ဝန်းတစ်ဝိုက်ရှိ အရေပြားကို တင်းရင်းစေခြင်းတို့အပြင် ခန္ဓာကိုယ်အတွင်း၌ အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် သေသွားသောဆဲလ်များ ပြန်လည်တည်ဆောက်ထုတ်လုပ်မှုကို အထောက်အကူပြုပေးခြင်း၊ နှုတ်ခမ်းနာခြင်း၊ ကွဲအက်ခြင်းတို့ကို သက်သာကောင်းမွန်စေနိုင်ပါသည်။ ထို့ပြင် အရိုးများကိုကျန်းမာသန်စွမ်းစေရန် အထောက်အကူပြုခြင်း၊ သွေးထဲရှိသကြားပမာဏကို ပုံမှန်ဖြစ်စေခြင်း၊ လည်ပင်းအကျိတ်၊ သိုင်းရွိုက်ဂလင်းပြဿနာများကို သက်သာကောင်းမွန်စေခြင်း၊ အာရုံကြောများကို တိုးတက်ကောင်းမွန်စေခြင်း၊ မအီမသာ ပျို့အန်ခြင်းနှင့် မူးဝေထိုင်းမှိုင်းခြင်းတို့ကို ကာကွယ်ပေးနိုင်ပြီး မိတ်၊ အင်ပျဉ်ကဲ့သို့သော အရေပြားပေါ်တွင် အဖုအပိမ့်အနီကွက်ထခြင်းတို့ကို သက်သာစေနိုင်ပါသည်။

ပိန်းဥကိုစားသုံးခြင်းဖြင့် ဆံပင်ကျွတ်ခြင်းကို ကာကွယ်ပေးသည့်အပြင် ဆံပင်ကိုနက်စေခြင်း၊ ကိုလက်စထရောပမာဏ ပုံမှန်ဖြစ်စေခြင်း၊ ကြွက်သားများတည်ဆောက်မှုကို တိုးတက်ကောင်းမွန်စေခြင်း၊ သွေးတိုးကျစေခြင်း၊ မျိုးပွားခြင်းကိုလည်း ကောင်းစွာအထောက်အကူပြုခြင်း၊ သွားနှင့်သွားဖုံး ကျန်းမာရေးကို အထောက်အကူပြုခြင်း၊ အဆုတ်ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေခြင်း၊ ပင်ပန်းနွမ်းလျမှုကို ပြေလျော့စေခြင်း၊ ကိုယ်အလေးချိန်ကျစေခြင်း၊ အကြားအာရုံချို့ယွင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း၊ ထိခိုက်ဒဏ်ရာများကို အမြန်

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၅၁၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၅၁၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၇၇၃၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ထောပတ်ပဲ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားနပ်ရိက္ခာဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ ဝင်ငွေတိုးပွားစေဖို့အတွက် ရည်ရွယ်ပြီး ထောပတ်ပဲ ၇၇၃၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီစေဖို့နဲ့ သီးနှံအထွက်နှုန်း ကောင်းမွန်စေဖို့အတွက် တောင်သူတွေကို ထောပတ်ပဲ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး မြေမှန်မျိုးမှန် စနစ်တကျစိုက်ပျိုးကြဖို့၊ သွင်းအားစုပစ္စည်းတွေ ဂရုတစိုက်သုံးစွဲဖို့၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းတာတွေကို ကြိုတင်ဆောင်ရွက်ကြဖို့၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲဖို့ စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကအကျဆုံးက သီးနှံအရည်အသွေးကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးဖို့၊ GAP စနစ်နဲ့စိုက်ပျိုးတာ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်တာမှာလဲ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲတာ၊ အချိန်မီရိတ်သိမ်းတာ စတဲ့ နည်းစနစ်တွေကို စနစ်တကျ ဆောင်ရွက်မယ်ဆိုရင် သီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းလဲ ကောင်းမွန်စေမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲများ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းများရရှိစေရေးအတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

➤ **စာမျက်နှာ ၄ မှအဆက်**

ကျက်စေခြင်း၊ အူသိမ်၊ အူမလုပ်ဆောင်ချက်များကို အထောက်အကူပြုခြင်း စသည့် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ထိုသို့ ခန္ဓာကိုယ်တွင်း ကျန်းမာရေးကိုအထောက်အကူပြုရုံသာမက အရေပြားကျန်းမာရေးကိုလည်း များစွာအကျိုးပြုကာ အရွယ်တင်နုပျိုစေခြင်း၊ နာတာရှည်ဝမ်းလျှောခြင်းမှ ကာကွယ်ပေးခြင်း၊ မကြာခဏအအေးမိခြင်းနှင့် ပြင်ပရောဂါများ အလွယ်တကူဝင်ရောက်ခြင်းတို့ကို ဟန့်တားပေးပြီး ကိုယ်ခံအားကိုလည်း ကောင်းမွန်စေခြင်း စသည့် အကျိုးကျေးဇူးများပါရှိနေသည့်ပိန်းဥကို လူတိုင်း သင့်တင့်မျှတစွာ စားသုံးသင့်ပါသည်။

အချုပ်ဆိုရသော် ပိန်းဥပင်ကို စီးပွားဖြစ်စိုက်ပျိုးပြီး ပိန်းဥကိုသန့်စင်အခြောက်ခံ၍ဖြစ်စေ၊ တန်ဖိုးမြှင့်ပို့ကုန်အဖြစ်ဖြစ်စေ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်လျှင် နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်သည်။ ပိန်းရွက်များကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သဖြင့် တိရစ္ဆာန်အစာခြောက်ပြုလုပ်၍လည်း ရောင်းချနိုင်ပါသည်။ ပိန်းဥတွင် Polyphenols နှင့် Antioxidant ပါဝင်မှုကြောင့် ကင်ဆာဆဲလ်များကြီးထွားခြင်းကို တိုက်ဖျက်စေသည့်အပြင် ကိုယ်ခန္ဓာအတွက် ရောဂါဖြစ်စေသောဓာတ်တိုးခြင်းကို ကာကွယ်ပေးနိုင်သည်။ ပိန်းဥတွင် ကာဘိုဟိုက်ဒရိတ်ပါဝင်မှုကြောင့် ခန္ဓာကိုယ်အားဖြစ်စေခြင်း၊ အမျှင်ဓာတ်များခြင်းကြောင့် အစာခြေဖျက်အားကောင်းစေခြင်း၊ ပိုတက်ဆီယမ်ပါဝင်ခြင်းကြောင့် သွေးဖိအားကိုထိန်းထားနိုင်ခြင်း စသည့် ကျန်းမာရေးအကျိုးပြုအချက်များစွာရှိနေပါကြောင်း၊ အစာလည်းဆေး ဆေးလည်းအစာ ဆိုစကားအတိုင်း တန်လျှင်ဆေး လွန်လျှင်ဘေးဖြစ်တတ်သောကြောင့် ပိန်းဥနှင့် ပိန်းရွက်ကို သင့်တင့်မျှတစွာ စားသုံးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

## အဇာတသတ်၏ မိုက်နောင်တနှင့် သာမညဖလ

\- အကလျာဏမိတ္တ
လူ့ဗာလ ဆရာတင်
ဒေဝဒတ် ဆရာသခင်
လက်ထပ်သင်သူ့ဝါဒ၊
မှားတစ်ရာ ပြင်မရ
ငါးပဥ္စာ နန္တရိယ
ပိတုဃာတက။

\- အဇာတသတ် မိုက်နောင်တ
ဝန်ချဖို့ ဖူးမြော်လာ
ပြည့်ဝသဒ္ဓါ၊
ဇီဝက ဥယျာဉ်သာ
မြတ်ဗုဒ္ဓါ ထံတော်ပါး၊
ရိုကျိုးစွာ ခဝပ်တွား
ဦးချလျှောက်ထား။

\- ရဟန်းမြတ်ပြုခြင်းအကျိုး
မြတ်နိုးဖွယ် ဒေသနာ၊
လပြည့်ခါ တန်ဆောင်မုန်း
မိုးလုံးထိန်ဝါ၊
စောဗုဒ္ဓမဟာကရုဏာ
နှုတ်ခြွေကာဆုံးမ၊
သုတ်တော်လာအမည်သ
သာမညဖလ။ ။

**ကျော်စောဟန်**

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# အသေခံမောင်းသူမဲ့လေယာဉ်များစမ်းသပ်မှု မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် ကြီးကြပ်



**ပြုံယမ်း နိုဝင်ဘာ ၁၅**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် နိုဝင်ဘာ ၁၄ ရက်တွင် အသေခံမောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များ စမ်းသပ်မှုကို ကြီးကြပ် လမ်းညွှန်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တိုက်ပွဲဝင်မောင်းသူမဲ့လေယာဉ်များကို ကမ္ဘာတစ်ဝန်းအသုံးပြုလာချိန်တွင် မိမိတို့အနေဖြင့် စစ်ရေးစစ်ရာ သဘောတရားများကို ပြန်လည်မွမ်းမံပြင်ဆင်ရန်လိုအပ်ကြောင်း အသေခံတိုက်ပွဲဝင်မောင်းသူမဲ့လေယာဉ်များစမ်းသပ်ပွဲတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ထို့ပြင် အသေခံတိုက်ပွဲဝင်မောင်းသူမဲ့လေယာဉ်အမျိုးအစားများကိုအများအပြားတည်ဆောက်ထုတ်လုပ်ရန်လည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တိုက်တွန်းခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက အတည်ပြုသတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် ယခင်ကလည်း တိုက်ပွဲဝင် မောင်းသူမဲ့လေယာဉ်များစမ်းသပ်မှုကို ဦးဆောင်ကြီးကြပ်ခဲ့ဖူးသည်။

ကမ္ဘာတစ်ဝန်းလုံး၌ စစ်ရေးရည်ရွယ်ချက်ဖြင့် တိုက်ပွဲဝင်မောင်းသူမဲ့ လေယာဉ်များကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာပြီးယင်းလေယာဉ်များ၏အောင်မြင်မှုကိုလည်းစစ်ရေးခေါင်းဆောင်များက လက်ခံလာကြဖွယ်ရှိကြောင်း ကင်ဂျုံအန်က နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံဘက်သို့မောင်းသူမဲ့လေယာဉ်များစေလွှတ်ခဲ့ရာ ကိုရီးယားကျွန်းဆွယ်၌ အခြေအနေများ တင်းမာခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ပီရူးပင်လယ်ရေနက်ဆိပ်ကမ်း တရုတ်သမ္မတ ရှီကျင့်ဖျင်ဖွင့်လှစ်

**လီမာ နိုဝင်ဘာ ၁၅**



တရုတ်သမ္မတရှီကျင့်ဖျင်သည် နိုဝင်ဘာ ၁၄ ရက်တွင် ရက်သတ္တပတ်ကြာ တောင်အမေရိကခရီးစဉ်ကိုစတင်ခဲ့ပြီး ပီရူးနိုင်ငံ လီမာမြို့သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

တောင်အမေရိကခရီးစဉ် စတင်ခဲ့သည့် နိုဝင်ဘာ ၁၄ ရက်မှာပင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပီရူးနိုင်ငံ၌ တရုတ်ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ထားသည့် ပင်လယ်ရေနက် ဆိပ်ကမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

ချန်ကေးဆိပ်ကမ်း အမည်ရှိ အဆိုပါပင်လယ်ရေနက်ဆိပ်ကမ်း ဖွင့်ပွဲတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ပီရူးသမ္မတ ဒီနာဘိုလေ့တီတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အတူပါဝင်ခဲ့ကြကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ချန်ကေး ပင်လယ်ရေနက် ဆိပ်ကမ်းသည် လီမာမြို့ မြောက်ဘက် ၄၈မိုင်ခန့်အကွာ ပစိဖိတ်သမုဒ္ဒရာကမ်းရိုးတန်းတွင် တည်ရှိပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ၃ ဘီလီယံ အကုန်အကျခံတည်ဆောက်ထားသည့် ရေနက်ဆိပ်ကမ်းဖြစ်သည်။

ချန်ကေး ပင်လယ်ရေနက် ဆိပ်ကမ်းသည် ၂၁ ရာစုရေကြောင်းပိုးလမ်းမ၏ စမှတ်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ချန်ကေးရေနက်ဆိပ်ကမ်းဖွင့်ပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ပီရူးခရီးစဉ်အတွင်း တရုတ်သမ္မတသည် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)ထိပ်သီးညီလာခံသို့တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား စစ်ရေးပဋိပက္ခကြောင့် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ရ

**ဝါရှင်တန် နိုဝင်ဘာ ၁၅**

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား လက်ရှိဖြစ်ပွားဆဲ စစ်ရေးပဋိပက္ခများကြောင့် လက်ဘနွန်နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံထိရှိနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့အခြေစိုက် ကမ္ဘာ့ဘဏ်က နိုဝင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား စစ်ရေးပဋိပက္ခများမှာ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ရာ လက်ဘနွန်နိုင်ငံ၏ အဆုံးအရှုံးတန်ဖိုးမှာလည်း ဆက်လက်မြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားကြောင်း သိရသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား စစ်ရေးပဋိပက္ခများကြောင့် လက်ဘနွန်နိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၁၂ လတာကာလအတွင်း စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံထိရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏အဆိုအရ သိရသည်။

ထို့ပြင်ပြီးခဲ့သည့်၁၂လတာကာလအတွင်း အဆိုပါစစ်ရေးပဋိပက္ခကြောင့် ရုပ်ဝတ္ထုဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံထိ အနည်းဆုံးရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က တွက်ချက်ထားသည်။

ထို့ပြင် လက်ဘနွန်နိုင်ငံ၏ ယခု နှစ် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)သည်လည်း အနည်းဆုံး ၅ ဒသမ ၇ ရာခိုင်နှုန်း ကျုံ့ဝင်သွားနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ဂါဇာကမ်းမြောင်စစ်ပွဲ စတင်ခဲ့ပြီးမကြာမီမှာပင် အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား စစ်ရေးပဋိပက္ခများ စတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# သီရိလင်္ကာလွှတ်တော်ရွေးကောက်ပွဲ၌ သမ္မတသစ်၏ နိုင်ငံရေးပါတီ အမတ်နေရာအများစုရရှိ

**ကိုလံဘို နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပခဲ့သော သီရိလင်္ကာလွှတ်တော်ရွေးကောက်ပွဲ၌ လက်ဝဲဝါဒီသမ္မတသစ် အနုရာကုမာရဒစ်ဆာနာယာကီ၏ အမျိုးသားပြည်သူ့အာဏာပါတီက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင်ပေါ်ထွက်လာသည့် လွှတ်တော်ရွေးကောက်ပွဲ ရလဒ်များအရ သမ္မတ ဒစ်ဆာနာယာကီ၏အမျိုးသားပြည်သူ့အာဏာပါတီက လွှတ်တော်အမတ်နေရာ ၂၂၅ နေရာအနက် ၁၅၉ နေရာထိ ရရှိခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲ ရလဒ်များအရ သမ္မတ ဒစ်ဆာနာယာကီ၏ ပါတီသည် သီရိလင်္ကာလွှတ်တော်ကို လွှတ်တော်အမတ်နေရာအများစုဖြင့် ထိန်းချုပ်ခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် လွှတ်တော်ရွေးကောက်ပွဲ အနိုင်ရလဒ်ကြောင့် သမ္မတ ဒစ်ဆာနာယာကီအနေဖြင့် ၎င်း၏စီးပွားရေးမူဝါဒများကို အခိုင်အမာ အကောင်အထည်ဖော်ခွင့်ရရှိမည်ဖြစ်သည်။

နှစ် ၇၀ အတွင်း အဆိုးရွားဆုံးစီးပွားရေးအကျပ်အတည်းမှ ရုန်းထွက်နိုင်ရေးအတွက် သီရိလင်္ကာအနေဖြင့်ရုန်းကန်နေရစဉ် သမ္မတ ဒစ်ဆာနာယာကီက လွှတ်တော်ရွေးကောက်ပွဲကို ပုံမှန်ထက်စော၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

လက်ဝဲဝါဒီသမ္မတ ဒစ်ဆာနာယာကီသည် စက်တင်ဘာ ၂၁ ရက်တွင်ကျင်းပခဲ့သော သီရိလင်္ကာသမ္မတရွေးကောက်ပွဲ၌ အနိုင်ရခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# လာမည့်လတွင်ကျင်းပမည့် ဗီယက်နမ်စစ်လက်နက်ပြပွဲ၌ တရုတ်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများ ပါဝင်မည်



**ဟနွိုင်း နိုဝင်ဘာ ၁၅**

ဗီယက်နမ်နိုင်ငံ၌ လာမည့်လတွင်ကျင်းပမည့် စစ်လက်နက်ပြပွဲတွင် တရုတ်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများ ပါဝင်မည်ဖြစ်ကြောင်း ဗီယက်နမ်တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ဗီယက်နမ် စစ်လက်နက်ပြပွဲ၌ တရုတ်ကာကွယ်ရေးပစ္စည်းကုမ္ပဏီများပါဝင်လာမှုသည် တရုတ်နှင့် ဗီယက်နမ် အိမ်နီးချင်းနှစ်နိုင်ငံကြား စစ်ရေးဆက်ဆံမှု ခိုင်မာလာသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံတကာကာကွယ်ရေးပစ္စည်းပြပွဲကို ဟနွိုင်းမြို့၌ ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်ထိ ကျင်းပရန် စီစဉ်ထားသည်။

အဆိုပါနိုင်ငံတကာစစ်လက်နက်ပြပွဲသည် ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပသည့် ဒုတိယမြောက်နိုင်ငံတကာစစ်လက်နက်ပြပွဲဖြစ်သည်။

အဆိုပါနိုင်ငံတကာစစ်လက်နက်ပြပွဲတွင် နိုင်ငံတကာစစ်လက်နက်ကုမ္ပဏီပေါင်း ၁၄၀ခန့် ပါဝင်ပြသမည်ဖြစ်ပြီး တရုတ်ကုမ္ပဏီများလည်း ပါဝင်ကြောင်း ဗီယက်နမ်ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံက ၂၀၂၂ ခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သော နိုင်ငံတကာစစ်လက်နက်ပြပွဲတွင် တရုတ်ကုမ္ပဏီများပါဝင်မှုမရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက တီယန်ကောင်းအာကာသစခန်းသို့ တီယန်ကျိုး-၈ အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်နေ




**ပေကျင်း နိုဝင်ဘာ ၁၅**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကောင်းအာကာသစခန်းသို့ တီယန်ကျိုး-၈ အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်နေကြောင်း နိုဝင်ဘာ ၁၄ ရက်သတင်းများအရ သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် လက်ရှိအချိန်တွင် တီယန်ကျိုး-၈ အာကာသကုန်တင်ယာဉ်နှင့် လောင်းမတ်ချ်-၇ ဒုံးပျံတို့ကို ဟိုင်နန်ကျွန်း ဝန်ချန်အာကာသစခန်းပစ်စင်၌ နေရာချထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်ကျိုး-၈ အာကာသကုန်တင်ယာဉ်လွှတ်တင်မည့်ရက်ကို တရားဝင်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် ရေကြောင်း၊ လေကြောင်းလမ်း သတိပေးချက်များအရ တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကျိုး-၈ အာကာသ ကုန်တင်ယာဉ်ကို ယနေ့တွင် လွှတ်တင်နိုင်ကြောင်း သိရသည်။

တီယန်ကျိုး-၈ အာကာသ ကုန်တင်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းပေါ်ရှိ ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံပညာစမ်းသပ်မှုပစ္စည်းများ သယ်ဆောင်သွားမည်ဖြစ်သည်။

တီယန်ကျိုး-၈ အာကာသ ကုန်တင်ယာဉ်သည် လွှတ်တင်ပြီး နာရီအနည်းငယ်အကြာတွင် တီယန်ကောင်း အာကာသစခန်းနှင့် ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## လေထုညစ်ညမ်းမှုပြဿနာကြောင့် နှင်းခူရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**နယူးယောက် နိုဝင်ဘာ ၁၅**

လေထုညစ်ညမ်းမှု ပြဿနာကြောင့် နာတာရှည်အရေပြားရောဂါတစ်မျိုးဖြစ်သော နှင်းခူရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

လေထုညစ်ညမ်းမှုကဲ့သို့ သဘာဝပတ်ဝန်းကျင်အကြောင်းတရားများကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ နှင်းခူရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေထုလွှာအတွင်း PM 2.5 ခေါ် အမှုန်များ စုစည်းမှုမြင့်မားသည့် နေရာများ၌ နေထိုင်ကြသူများတွင် နှင်းခူရောဂါဖြစ်ပွားနိုင်ခြေ ပုံမှန်ထက် ပိုမြင့်မားနေတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည်လူပေါင်း ၃၀၀၀၀၀ ခန့်၏ နောက်ခံအချက်အလက်များနှင့်ကျန်းမာရေးမှတ်တမ်းများကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

လေထုညစ်ညမ်းမှုပြဿနာသည် နှင်းခူရောဂါဖြစ်ပွားစေတတ်သည့် ပုံစံမျိုးဖြင့် လူတို့၏ခုခံအားစနစ်အပေါ် အကျိုးသက်ရောက်မှု ရှိနေနိုင်ကြောင်း သိရသည်။

လေထုညစ်ညမ်းမှုပြဿနာသည် အဆုတ်ကဲ့သို့ ကိုယ်တွင်းအင်္ဂါများအပေါ်တွင်သာမက အရေပြားအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှု ရှိနေနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## Space-X ကုမ္ပဏီက ဆဋ္ဌမအကြိမ် Starship ဒုံးပျံ စမ်းသပ်လွှတ်တင်ရေးအတွက် စူပါဟဲဗီးပင်မဒုံးယာဉ်နှင့် Starship ထိပ်ဖူးယာဉ်ကို ပစ်စင်၌နေရာချထားပြီးဖြစ်

**ဝါရှင်တန် နိုဝင်ဘာ ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဆဋ္ဌမအကြိမ်မြောက် Starship ဒုံးပျံ စမ်းသပ်လွှတ်တင်ရေးအတွက် စူပါဟဲဗီးပင်မဒုံးယာဉ်နှင့် Starship ထိပ်ဖူးယာဉ်ကို ပစ်စင်၌ နေရာချထားပြီးဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် ဆဋ္ဌမမြောက် Starship ဒုံးပျံစမ်းသပ်လွှတ်တင်မှုကို နိုဝင်ဘာ ၁၈ ရက်တွင်ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X ကုမ္ပဏီသည် Starship ဒုံးပျံ၏ ပင်မဒုံးယာဉ်ဖြစ်သော စူပါဟဲဗီးဒုံးယာဉ်ကို တက္ကဆက်ပြည်နယ် တောင်ပိုင်းစတားဘေ့စ်အာကာသစခန်းပစ်စင်၌ နေရာချထားပြီးဖြစ်ကြောင်း သိရသည်။



Space-X ကုမ္ပဏီသည် Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ဖြစ်သော Starship ဒုံးယာဉ်ကို နိုဝင်ဘာ ၁၃ ရက်တွင် ပို့ဆောင်ထားပြီးဖြစ်သည်။

စူပါဟဲဗီးဒုံးယာဉ်နှင့် Starship ထိပ်ဖူးယာဉ် နှစ်ခုပေါင်းအရှည် အစားမှာ အလျား ပေ ၄၀၀ ထိရှိရာ Starship ဒုံးပျံကို ကမ္ဘာ့အကြီးဆုံးနှင့်စွမ်းဆောင်ရည်အမြင့်ဆုံး ဒုံးပျံအဖြစ် သတ်မှတ်နိုင်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ပဉ္စမအကြိမ် Starship ဒုံးပျံ စမ်းသပ်ပစ်လွှတ်မှုကို ယခုနှစ် အောက်တိုဘာ ၁၃ ရက်က ပြုလုပ်ခဲ့ရာ အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ညဘက်အိပ်ရေးဝဝအိပ်စက်မှုက ကလေးများ၌ သွေးတိုးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်

**နယူးယောက် နိုဝင်ဘာ ၁၅**

ညဘက်အိပ်ရေးဝဝ အိပ်စက်ရမှုသည် ဆယ်ကျော်သက်ကလေးများ၌ သွေးတိုးရောဂါဖြစ်ပွားမှုကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ညဘက်အိပ်ရေးမဝမှုကြောင့် ကော်တီဆော (Cortisol) ဟော်မုန်းကဲ့သို့စိတ်ဖိအားဟော်မုန်းများ ပေါ်ထွက်မှု မြင့်တက်လာခြင်းအပါအဝင် ကိုယ်ခန္ဓာဖိအား တုံ့ပြန်မှုပုံစံများ ပြောင်းလဲသွားပြီး သွေးဖိအား မြင့်တက်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ဆယ်ကျော်သက်ကလေးများအနေဖြင့် ညဘက်အိပ်ရေးဝဝ အိပ်စက်ခြင်းဖြင့် သွေးဖိအား မြင့်တက်လာနိုင်ခြေကို လျှော့ချထားနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆယ်ကျော်သက်အရွယ် ကလေး ၃၃၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ညပိုင်းကာလ အိပ်ရေးဝဝ အိပ်စက်ရသူကလေးများမှာ အိပ်ရေးမဝသူကလေးများနှင့် နှိုင်းယှဉ်ပါက သွေးဖိအား မြင့်တက်လာနိုင်ခြေ ၃၇ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

ဆယ်ကျော်သက်ကလေးများအနေဖြင့် ညပိုင်းကာလများတွင် အိပ်စက်ချိန်ကိုးနာရီနှင့် ၁၁ နာရီကြားရှိသင့်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## မီအိုဇိုးအစ်ဘူမိခေတ် ကမ္ဘာဦးငှက်တစ်ကောင်၏ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ဘရာဇီးနိုင်ငံ၌ တူးဖော်တွေ့ရှိထား

**ဘရာဇီးလီးယား နိုဝင်ဘာ ၁၅**

မီအိုဇိုးအစ်ဘူမိခေတ် ကမ္ဘာဦးငှက်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ဘရာဇီးနိုင်ငံ၌ တူးဖော်တွေ့ရှိထားကြောင်း နိုဝင်ဘာ ၁၄ ရက်သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာဦးငှက်ကျောက်ဖြစ်ရုပ်ကြွင်းကို Navaorois Hestiac ဟူ၍ ဘရာဇီးသိပ္ပံပညာရှင်များနှင့် ဗြိတိန်သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Navaorois Hestiac ငှက်များသည် ဒိုင်နိုဆောသတ္တဝါများ ဂြိုဟ်သိမ်ကျရောက်မှုကြောင့် မပျောက်ကွယ်မီကာလ လွန်ခဲ့သောနှစ်ပေါင်း သန်း ၈၀ ခန့်ကပင် ယနေ့ခေတ် ဘရာဇီးနိုင်ငံ၌ ရှင်သန်ကျက်စားခဲ့ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Navaorois Hestiac ငှက်၏ ကျောက်ဖြစ်ရုပ်ကြွင်း ဦးခေါင်းခွံမှာ ရုပ်လုံးမပျက် ကျန်ရှိနေဆဲဖြစ်ရာ သိပ္ပံပညာရှင်များအနေဖြင့် အဆိုပါငှက်များ၏ ဦးနှောက်ဖွဲ့စည်းပုံကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် လေ့လာခွင့်ရထားကြောင်း သိရသည်။

Navaorois Hestiac ကမ္ဘာဦးငှက် ကျောက်ဖြစ်ရုပ်ကြွင်းကို ဆော်ပေါ်လိုပြည်နယ် ကျောက်လွှာနယ်မြေ တစ်ခု၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Navaorois Hestiac ကမ္ဘာဦးငှက်၏ ဦးနှောက်ဖွဲ့စည်းပုံကို လေ့လာခြင်းဖြင့် ခေတ်သစ်ငှက်များ၏ဦးနှောက်နှင့် အသိဉာဏ်ဆင့်ကဲပြောင်းလဲပုံကို ဖော်ထုတ်ရာတွင် အထောက်အကူရနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၁၆ ခုနှစ်နောက်ပိုင်း ပါရာဂွေးအသင်းကို အာဂျင်တီးနားအသင်း ပထမဆုံးအကြိမ်ရှုံးနိမ့်

**ဗျူနိုစ်အေရိစ် နိုဝင်ဘာ ၁၅**

တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ပါရာဂွေးအသင်းနှင့် အာဂျင်တီးနားအသင်းတို့ကစားခဲ့ရာ ပါရာဂွေးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် အာဂျင်တီးနားအသင်းသည် ထိပ်တိုက်တွေ့ဆုံမှုတွင် ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

အာဂျင်တီးနား အသင်းသည် ပါရာဂွေးအသင်းနှင့် သမိုင်းတစ်လျှောက်တွေ့ဆုံမှုတွင် ၂၀၁၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ အိမ်ကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး နောက်ပိုင်း ရှုံးပွဲမရှိခဲ့သော်လည်း ယခုတစ်ကြိမ်တွေ့ဆုံ မှုတွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရ သောကြောင့် သမိုင်းတစ်လျှောက်တွင် ဒုတိယမြောက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အာဂျင်တီးနားအသင်းကို တိုက်စစ်မှူး မက်ဆီဦးဆောင်လာခဲ့သဖြင့် ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၁ မိနစ်၌ မာတီနက်ဇ် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပြိုင်ပွဲကို ထိန်းချုပ်ကစားရန် ကြိုးပမ်းခဲ့သော်လည်း ပါရာဂွေးအသင်း၏ တန်ပြန်တိုက်စစ် ကောင်းမွန်မှုကြောင့် ပွဲချိန် ၁၉ မိနစ်တွင် ချေပဂိုးခွင့်ပြုခဲ့ရပြီး သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဦးဆောင်ဂိုးရရှိရေး ကြိုးပမ်းခဲ့ရာ ပါရာဂွေးအသင်းက ပွဲအစ ၄၆ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ခံစစ်အားပြုကစားခဲ့ရာ အာဂျင်တီးနားအသင်း ချေပဂိုးရရှိရန် အခက်တွေ့ခဲ့ပြီး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးပွဲကြုံခဲ့ရကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# ဖီဖာက VARစနစ်အစား FVSစနစ် ပြောင်းလဲအသုံးပြုရန်ပြင်ဆင်

**ဇူးရစ် နိုဝင်ဘာ ၁၅**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) လက်ရှိကျင့်သုံးနေသည့် Video Assistant Referee(VAR) စနစ်အစား Football Video Support (FVS)စနစ်ကို ပြောင်းလဲအသုံးပြုရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ကွင်းလယ်ဒိုင်လူကြီးများအတွက် အထောက်အကူဖြစ်စေရန်အတွက် Video Assistant Referee(VAR) စနစ်ကိုအသုံးပြုလျက်ရှိနေသော်လည်း လက်ရှိအချိန်ထိ VARစနစ် အနေဖြင့် အငြင်းပွားဖွယ်ရာများ ရှိနေသည့်အတွက် Video Assis-tant Referee(VAR) စနစ်အစား Football Video Support (FVS) စနစ်ဖြင့် ပြောင်းလဲအသုံးပြုရန် အတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

Football Video Support (FVS)စနစ်သည် နည်းပြများအတွက် ပိုမိုအခွင့်အရေးရရှိလာမည်ဖြစ်ပြီး ပွဲစဉ်တစ်ပွဲတွင် နည်းပြများအနေဖြင့် ကွင်းလယ်ဒိုင်လူကြီးကို Football Video Support (FVS)စနစ်ဖြင့် နှစ်ကြိမ်ထိပြန်လည်စစ်ဆေးခွင့် တောင်းဆိုနိုင်မည်ဖြစ်သည်။

ပွဲစဉ်တစ်ပွဲတွင် နည်းပြများအနေဖြင့် ကွင်းလယ်ဒိုင်လူကြီး၏ Football Video Support (FVS) စနစ်ဖြင့် ပထမအကြိမ်ကြည့်ရှုစစ်ဆေးပြီး ဆုံးဖြတ်ခြင်းကို ကျေနပ်မှုမရှိပါက ဒုတိယအကြိမ် စစ်ဆေးခွင့်တောင်းဆိုနိုင်မည်ဖြစ်သည့်အတွက် နည်းပြများအတွက် အားသာချက်ဖြစ်လာနိုင်မည်ဖြစ်ပြီး ဖီဖာက Football Video Support (FVS)ကို လူငယ်ပြိုင်ပွဲများတွင် စမ်းသပ်အသုံးပြုခဲ့ပြီးနောက် မကြာမီစတင်အသုံးပြုရန် အတွက် ပြင်ဆင်နေကြောင်း သိရသည်။

Ref : The Athletic
Trs : STA

## အားကစားသတင်းအတိုအထွာများ

- ❑ ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမားဟောင်း တိုနီခရူးစ်က နည်းပြအန်ဆယ်လော့တီ၏ ကမ်းလှမ်းမှုကြောင့် အသင်းတွင် ရာထူးတာဝန်တစ်ခုခုဖြင့် ပြန်လည်ပူးပေါင်းနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ဂရိအသင်းကို အင်္ဂလန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အင်္ဂလန်ပရိသတ်များကို မျက်ရည်ယိုဗုံးများ၊ မီးကျည်များအသုံးပြု၍ ထိန်းသိမ်းမှုလုပ်ခဲ့သည့် ဂရိရဲတပ်ဖွဲ့၏ လုပ်ရပ်ကို အက်ဖ်အေက စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ ဘာစီလိုနာကစားသမားဟောင်း အင်နီယေစတာက နယ်သာလန်တတိယတန်းကလပ် ဟယ်စင်ဂေါ်အသင်းကို ဝယ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# နေးရှင်းလိဂ်ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံကိုအနိုင်ရခဲ့သည့် အီတလီအသင်း နောက်တစ်ဆင့်တက်ရောက်ရန်သေချာ



**ရောမ နိုဝင်ဘာ ၁၅**

ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံအသင်းနှင့် အီတလီအသင်းတို့ ကစားခဲ့ရာ အီတလီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် အုပ်စုပွဲပြီးဆုံးရန်တစ်ပွဲအလိုတွင် ရမှတ်၁၃မှတ်ထိရရှိခဲ့သောကြောင့် နောက်တစ်ဆင့် တက်ရောက်ရန် သေချာခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အီတလီအသင်းသည် အိမ်ရှင်ဘယ်လ်ဂျီယံအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၁၁ မိနစ်တွင် လိုရန်ဇို၏ဖန်တီးပေးမှုမှ တိုနယ်လီက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ဘယ်လ်ဂျီယံအသင်း ချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးပမ်းခဲ့သော်လည်း အီတလီအသင်း ဂိုးသမား ဒွန်နာရမ်မာ၏ လက်စွမ်းပြသနိုင်မှုကြောင့် ချေပဂိုးရရှိရန် ခက်ခဲခဲ့ပြီး ပထမပိုင်းရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

အီတလီအသင်းသည် အုပ်စုပွဲစဉ် ငါးပွဲကစားအပြီးတွင် ပြင်သစ်အသင်းကို သုံးဂိုး တစ်ဂိုး၊ အစ္စရေးအသင်းကို ပထမအကျော့တွင် နှစ်ဂိုး တစ်ဂိုး၊ ဒုတိယအကျော့တွင် လေးဂိုးတစ်ဂိုး၊ ဘယ်လ်ဂျီယံအသင်းကို ပထမအကျော့တွင် နှစ်ဂိုးစီသရေ၊ ဒုတိယအကျော့တွင် တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

လိဂ်(A) အုပ်စု(၁) ပွဲစဉ်ငါးပွဲကစားအပြီးတွင် အီတလီအသင်းက ရမှတ် ၁၃ မှတ်ဖြင့် ပထမ၊ ဒုတိယနေရာမှ ပြင်သစ်အသင်းက အစ္စရေးအသင်းကို အိမ်ကွင်းတွင် ဂိုးမရှိသရေသာ ကစားနိုင်ခဲ့သောကြောင့် ရမှတ် ၁၀ မှတ်ဖြင့် ဒုတိယ၊ ဘယ်လ်ဂျီယံအသင်းက ရမှတ်ငါးမှတ်ဖြင့် တတိယ၊ အစ္စရေးအသင်းက ရမှတ်တစ်မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# ဘန်လေအသင်းက နည်းပြ ဗန်နစ္စတယ်ရွိုင်းကို ခန့်အပ်ရန်ဆွေးနွေးမှုပြုလုပ်

**လန်ဒန် နိုဝင်ဘာ ၁၅**

အင်္ဂလန် ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းက နည်းပြသစ်အဖြစ် မန်ယူအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြဗန်နစ္စတယ်ရွိုင်းကိုခန့်အပ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

နည်းပြ ဗန်နစ္စတယ်ရွိုင်းသည် ယခုနှစ်ဘောလုံးရာသီ မန်ယူအသင်း၌ နည်းပြတန်ဖတ်လက်အောက်တွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မန်ယူအသင်းက နည်းပြတန်ဖတ်ကို ထုတ်ပယ်ခဲ့ပြီးနောက် ဗန်နစ္စတယ်ရွိုင်းလည်း အသင်းမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

နည်းပြဗန်နစ္စတယ်ရွိုင်းအနေဖြင့် ယာယီနည်းပြအဖြစ် မန်ယူအသင်းကို လေးပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ရှုံးပွဲမရှိခဲ့ဘဲ သုံးပွဲနိုင် တစ်ပွဲသရေရလဒ်ရရှိခဲ့သကဲ့သို့ အသင်းတိုက်စစ်ပိုင်းကလည်း ပိုမိုကောင်းမွန်လာသည့်အတွက် ဘန်လေအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်လိုနေခြင်းဖြစ်သည်။

ဘန်လေအသင်းသည် လက်ရှိနည်းပြ ပါကားလက်အောက်တွင် အင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲ၌ ၁၅ ပွဲ ကစားပြီးချိန်တွင် ခုနစ်ပွဲ အနိုင်ရရှိခဲ့ကာ ခြောက်ပွဲသရေရလဒ်နှင့် နှစ်ပွဲရှုံးနိမ့်ခဲ့ပြီး ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယား



အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိနေသော်လည်း အသင်းတိုက်စစ်ပိုင်းတွင်စွမ်းဆောင်ရည်ပိုင်း ကျဆင်းနေသည့်အတွက် အသင်းပရိသတ်များက နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ATP Finals တင်းနစ်ပြိုင်ပွဲတွင် မျက်ဒဗျက်ကို အနိုင်ရရှိပြီး အုပ်စုအဆင့်ကို ဂျန်နစ်ခ်ဆင်နာ ကျော်ဖြတ်နိုင်ခဲ့



**ရောမ နိုဝင်ဘာ ၁၅**

အီတလီနိုင်ငံတွင် ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်တို့ ယနေ့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၃၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရရှိကာ အုပ်စုပထမနေရာဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဂျန်နစ်ခ်ဆင်နာသည် ATP Finals တင်းနစ်ပြိုင်ပွဲတွင် အုပ်စုတွင်ရှုံးပွဲတစ်ပွဲမျှမရှိဘဲ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး မျက်ဒဗျက်အနေဖြင့် ဂျန်နစ်ခ်ဆင်နာကို အနိုင်ရရှိမှ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ရန်အခွင့်အရေးရရှိမည်ဖြစ်သော်လည်း ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အလားတူ အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်နှင့် ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနော့တို့ပွဲစဉ်တွင် တေလာဖရစ်ဇ်က အနိုင်ရရှိခဲ့သောကြောင့် မျက်ဒဗျက်အနေဖြင့် အုပ်စုအဆင့်ကျော်ဖြတ်နိုင်မည့် အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။

ဂျန်နစ်ခ်ဆင်နာကအုပ်စုပထမနေရာဖြင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး တေလာဖရစ်ဇ်က အုပ်စုဒုတိယနေရာဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "မျက်ဒဗျက်ဟာခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ပါ။မျက်ဒဗျက်ကို အခုလိုရလဒ်မျိုးနဲ့အနိုင်ရပြီးဆီမီးဖိုင်နယ်အဆင့်ကိုတက်ရောက်နိုင်ခဲ့တာက အပေါင်းလက္ခဏာဆောင်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်ရှိလာပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယက တာဝေးပစ်မြေပြင်တိုက်ခိုက်ရေး ခရုဇ်ဒုံးကျည်သစ်ကို ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်နိုင်ခဲ့



အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသန တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (DRDO) သည် နိုဝင်ဘာ ၁၂ ရက်တွင် Odisha ကမ်းလွန်ရှိ ပေါင်းစည်းစက်ပစ်ကွင်း(ITR)မှ တာဝေးပစ်မြေပြင်တိုက်ခိုက်ရေးခရုဇ်ဒုံးကျည်(LRLACM)ကို ရွေ့လျားဒုံးပစ်လောင်ချာယာဉ်ပေါ်မှ အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒုံးကျည်၏ စနစ်ခွဲများအားလုံးသည် မျှော်မှန်းထားသည့်အတိုင်း လုပ်ဆောင်နိုင်ခဲ့ပြီး ကနဦးရည်မှန်းချက်များကိုပြည့်မီခဲ့ကြောင်း အစီရင်ခံစာများက အတည်ပြုပြောကြားခဲ့သည်။ ဤစမ်းသပ်မှုသည် ကာကွယ်ရေးနည်းပညာတွင် မိမိကိုယ်ကို မှီခိုအားထားမှုကို မြှင့်တင်ရန်နှင့် မဟာဗျူဟာမြောက် ခရုဇ်ဒုံးကျည်စွမ်းရည်များ အားကောင်းလာစေရန် အိန္ဒိယနိုင်ငံအတွက် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံထုတ် Nirbhay ခရုဇ်ဒုံးကျည်၏ မျိုးဆက်သစ်ဗားရှင်းအဖြစ် ဒီဇိုင်းထုတ်ထားသည့် LRLACM (Long Range Land Attack Cruise Missile) တာဝေးပစ်မြေပြင်တိုက်ခိုက်ရေး ခရုဇ်ဒုံးကျည်သည် ကီလိုမီတာ ၁၅၀၀ အကွာမှ ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စွမ်းရှိသည်။ အရှည် ခြောက်မီတာနှင့် အချင်းသုည ဒသမ ၅၂ မီတာရှိသော ခရုဇ်ဒုံးကျည်သည် ခန့်မှန်းခြေအားဖြင့် အလေးချိန် တစ်တန်ခန့်ရှိသည်။ ပစ်မှတ်ကို တိုက်ခိုက်ရာတွင် တိကျမှုကို မြှင့်တင်ပေးနိုင်ရန် ခေတ်မီရေဒီယိုလှိုင်းနှုန်း အာရုံခံ(RF) စနစ်ကိုလည်း အသုံးပြုထားသည်။

LRLACM ခရုဇ်ဒုံးကျည်သည် မြေပြင်အခြေစိုက် ဒုံးပစ်လောင်ချာများနှင့် ရေတပ်သင်္ဘော နှစ်မျိုးစလုံးပေါ်တွင် တပ်ဖြန့်အသုံးပြုနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းသည် BrahMos ဒုံးကျည်စနစ်အတွက် အသုံးပြုထားပြီးဖြစ်သော Universal Vertical Launch Module (UVLM)ပစ်လွှတ်မှုစနစ်နှင့် တွဲဖက်အသုံးပြုနိုင်ပြီး ရေတပ်နှင့် ကြည်းတပ် စစ်ဆင်ရေးများအတွက် ဘက်စုံအသုံးပြုနိုင်သည်။

နိုဝင်ဘာ ၁၂ ရက် စမ်းသပ်ပျံသန်းမှုအတွင်း LRLACM ခရုဇ်ဒုံးကျည်သည် လမ်းကြောင်းလမ်းညွှန်မှုကို အသုံးပြု၍ ကြိုတင်အစီအစဉ်ချထားသည့် ပျံသန်းမှုလမ်းကြောင်းအတိုင်း အမြင့်အမျိုးမျိုးဖြင့် လှုပ်ရှားစစ်ကစားကာ လေ့ကျင့်ပျံသန်းမှုများ လုပ်ဆောင်နိုင်ခဲ့သည်။ ဒုံးကျည်၏ စွမ်းဆောင်ရည်ကို ပေါင်းစည်းစက်ပစ်ကွင်း (ITR)မှ နေရာအမျိုးမျိုးတွင် ဖြန့်ကြက်ချထားသော ရေဒါ၊ Electro-Optical ခြေရာခံစနစ်များ အပါအဝင် အာရုံခံကွန်ရက်မှတစ်ဆင့် အနီးကပ်စောင့်ကြည့်စစ်ဆေးခဲ့ပြီး ခရုဇ်ဒုံးကျည် ပျံသန်းမှုလမ်းကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ခြေရာခံကြည့်ရှုနိုင်ခဲ့ကြောင်းလည်း သိရသည်။ ထိုသို့ စောင့်ကြည့်မှတ်တမ်းတင်နိုင်ခဲ့သော ပျံသန်းမှုဆိုင်ရာ အချက်အလက်များသည် တာဝေးပစ် တိုက်ခိုက်ရေးတာဝန်များအတွက် အသုံးပြုရန် သင့်လျော်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး ခရုဇ်ဒုံးကျည်၏ လမ်းညွှန်ထိန်းကျောင်းမှုနှင့် လှုပ်ရှားစစ်ကစားနိုင်စွမ်းရှိမှုတို့ကို စစ်ဆေးအတည်ပြုနိုင်ခဲ့သည်။

တာဝေးပစ် မြေပြင်တိုက်ခိုက်ရေး ခရုဇ်ဒုံးကျည်(LRLACM)သည် နိုင်ငံတော်လုံခြုံရေးနှင့် အဟန့်အတားစွမ်းရည်များ အားကောင်းစေရန်ရည်ရွယ်၍ အိန္ဒိယနိုင်ငံ ပွဲထိန်းဒုံးကျည်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ LRLACM သည် တာဝေးပစ် မြေပြင်တိုက်ခိုက်ရေး ခရုဇ် ဒုံးကျည်အဖြစ် တိကျမှု၊ အကွာအဝေး မြင့်မားကောင်းမွန်မှုတို့ဖြင့် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက် ပြောင်းလွယ်ပြင်လွယ် တိုက်ပွဲဝင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ဤစမ်းသပ်ပျံသန်းနိုင်မှုသည် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေး ရည်မှန်းချက်များကို ထင်ဟပ်စေကာ တပ်မတော်ကို ခေတ်မီစေရန်၊ နည်းပညာပိုင်းဆိုင်ရာ ဖူလုံမှုရရှိစေရန်နှင့်ဒေသတွင်းစွမ်းအားမြင့် တပ်မတော်တစ်ရပ်ဖြစ်ကြောင်း အခိုင်အမာပြသရန် ရည်ရွယ်ထားသည်။ LRLACM ကဲ့သို့ ခေတ်မီပြည်တွင်းစစ်လက်နက်ပစ္စည်းများကို တီထွင်ထုတ်လုပ်နိုင်ခြင်းဖြင့် အိန္ဒိယနိုင်ငံသည် ပြည်ပနိုင်ငံများမှ စစ်လက်နက်တင်သွင်းမှုအပေါ် မှီခိုအားထားမှုကို လျှော့ချရန်နှင့် ခေတ်ပြိုင် လုံခြုံရေးစိန်ခေါ်မှုများကို တုံ့ပြန်ရန်အတွက် ကာကွယ်ရေးစွမ်းအားခိုင်မာတောင့်တင်းစေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

**Breaking News: India Conducts First Flight Test of New Long-Range Land Attack Cruise Missile off Indian Ocean Coast** ကို ဘာသာပြန်ဆိုထားပါသည်။

## ပိုလန်က Shahed ဒရုန်းများကို တန်ပြန်ရန်အတွက် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ကို တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းနေ

ပိုလန်နိုင်ငံ စစ်ဘက်သုတေသန အင်စတီကျု (WITU)သည် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ကုန်ကျစရိတ်သက်သာစွာ တန်ပြန်နိုင်ရန်အတွက် ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်ကို တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း Defence 24 သတင်းဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဓိကအားဖြင့် အီရန်နိုင်ငံထုတ် Shahed အမျိုးအစားကဲ့သို့တိုက်ခိုက်ရေး ဒရုန်းများကို ကြားဖြတ်ပစ်ချနိုင်ရန်အတွက် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ကို ပိုလန်တပ်မတော်က တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

ဒရုန်း တိုက်ဖျက်ရေးဒုံးကျည်ကို တီထွင်ထုတ်လုပ်ရာတွင် အဓိကအာရုံစိုက်ထားသည့်အချက်မှာ ကုန်ကျစရိတ်သက်သာမှုအပိုင်းဖြစ်သည်။ WITU အင်စတီကျုသည် ရုရှား-ယူကရိန်း အထူးစစ်ဆင်ရေးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော Shahed တိုက်ခိုက်ရေးဒရုန်းဈေးနှုန်းဖြင့် ချိန်ထိုးနှိုင်းယှဉ်၍ ဈေးသက်သာသော ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ကို ထုတ်လုပ်သွားနိုင်ရန် ရည်မှန်းထားသည်။ Shahed ဒရုန်းသည် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁၉၃၀၀၀ တန်ဖိုးရှိပြီး အများတတ်နိုင်သည့် ဈေးနှုန်းဖြစ်သည်။ အလားတူဒရုန်းများကိုတန်ပြန်ပစ်ချရန် ပိုလန်နိုင်ငံ WITU အင်စတီကျုသည် ကိုယ်ထည်အရှည် ၁၈၀၀ မီလီမီတာ၊ တောင်ပံအရှည် ၃၂၈ မီလီမီတာနှင့် ၁၀၅ မမ ပြောင်းအချင်းရှိ ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်တစ်မျိုး တီထွင်ထုတ်လုပ်ရန် အဆိုပြုထားခြင်းဖြစ်သည်။ အလေးချိန် ၄ ဒသမ ၂ ကီလိုဂရမ်ရှိ ထိပ်ဖူးအပါအဝင် အများဆုံးပစ်လွှတ်နိုင်သည့် အလေးချိန် ၂၀ ကီလိုဂရမ်ရှိ ဒရုန်းတိုက်ဖျက်ရေး ဒုံးကျည်ကို ပေါ့ပါးကျစ်လျစ်၍ လှုပ်ရှားစစ်ကစားမှု မြင့်မားကောင်းမွန်စေရန် ဒီဇိုင်းထုတ်ထားသည်။

သမားရိုးကျ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များနှင့်မတူဘဲ ပိုလန်နိုင်ငံထုတ်ဒုံးကျည်သည် ဒရုန်းတိုက်ခိုက်ရေးသီးသန့်အတွက်သာ အသုံးပြုသွားမည်ဖြစ်သည်။ ၎င်းသည် အလျင်နှုန်း မီတာ ၂၀၀ မှ မီတာ ၂၅၀ ထိ၊ အကွာအဝေး သုည ဒသမ ၅ ကီလိုမီတာမှ ၁၅ ကီလိုမီတာ၊ အမြင့် မီတာ ၁၅၀၀ အတွင်း ပျံသန်းဝင်ရောက်လာမည့်ရန်သူ့ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်များကို ပစ်ချဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်သည်။



WITU အဖွဲ့၏ ပဏာမခြေလှမ်းသည် ကြီးထွားလာနေသော ဒရုန်းတိုက်ဖျက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်သော ဈေးနှုန်းသက်သက်သာသာဖြင့် အသုံးပြုနိုင်မည့် လက်နက်စနစ် တီထွင်ထုတ်လုပ်ရန် ရည်မှန်းချက်ထား၍ ကျယ်ပြန့်စွာ ကြိုးပမ်းဆောင်ရွက်လာခြင်းဖြစ်သည်။ လက်ရှိတွင် စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ရန် WITU အင်စတီကျုသည် ပိုလန်တပ်မတော်၏ လိုအပ်ချက်များအတိုင်း ဦးစားပေးကာ ဒုံးကျည်များကို အမြောက်အမြားထုတ်လုပ်နိုင်ရေးအတွက် စက်မှုလုပ်ငန်း မိတ်ဖက်ကုမ္ပဏီတစ်ခုကို ရှာဖွေလျက်ရှိကြောင်းသိရသည်။

**Poland Develops Interceptor Missile to Counter Russian-Used Shahed-Class Drones** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# အားကစားဖြင့် ပြည့်ဂုဏ်မြင့်အောင် ကြိုးစားကြပါစို့

ဘုန်းမောင်ဝင်း(ဖျာပုံ)

လူသားတိုင်း အသက်ရှင်သန်ရပ်တည်နေထိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ ကျန်းမာရေးကောင်းမွန်နေဖို့ဖြစ်ပါတယ်။ ကျန်းမာရေးကောင်းမွန်ဖို့ဆိုရင် အားကစားတစ်ခုခုကို လေ့ကျင့်နေရမှာဖြစ်ပါတယ်။ ဆိုလိုတာက အားကစားနဲ့ ကျန်းမာရေးဆိုတာ လူတိုင်းအတွက် မရှိမဖြစ်တဲ့အရာဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ လူမှုရေးဦးတည်ချက်မှာ "တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"ကို ထည့်သွင်းထားတာဖြစ်ပါတယ်။ ဦးတည်ချက်ထားရှိခြင်းနဲ့အတူ ဦးတည်ချက်ကို အောင်မြင်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ နိုင်ငံအတွင်းမှာ အားကစားနဲ့စပ်လျဉ်းပြီး ကျင်းပပေးနိုင်တဲ့ပြိုင်ပွဲမှန်သမျှ ငွေကုန်ကြေးကျခံကာ ကျင်းပပေးလျက်ရှိပါတယ်။

အခြေခံပညာအဆင့် အားကစားပြိုင်ပွဲတွေ၊ အဆင့်မြင့်ပညာအဆင့်အားကစားပြိုင်ပွဲတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလားပြိုင်ပွဲတွေ ကျင်းပပေးနေပါတယ်။ တပ်မတော်အနေနဲ့လဲ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွေ ကျင်းပပေးနေပါတယ်။ အဲဒီလို ပြိုင်ပွဲပေါင်းမြောက်မြားစွာကနေ ထူးချွန်အားကစားသမားတွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ဒီလိုမျိုး ထူးချွန်အားကစားသမားတွေရွေးချယ်ဖို့အတွက် အခုဆိုရင် ပဋ္ဌမအကြိမ်မြောက် အားကစားပြိုင်ပွဲကြီးကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်ထိ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပတော့မှာဖြစ်ပါတယ်။

အားကစားပြိုင်တွေနဲ့စပ်လျဉ်းပြီး မြန်မာပြည်သူလူထုအနေနဲ့ ဘောလုံးကိုအားအပေးဆုံးရှိနေတာတွေ့ရပါတယ်။ ဘောလုံးပြိုင်ပွဲဆိုတာကတော့ ကမ္ဘာမှာ လူကြိုက်များနေတဲ့ပြိုင်ပွဲဖြစ်တာကြောင့် မြန်မာတွေလဲ နှစ်ခြိုက်ကြတာဖြစ်ပါလိမ့်မယ်။ အောင်မြင်မှုတွေကြုံရတိုင်း ဝမ်းသာအားရဖြစ်ရသလို အောင်မြင်မှုနဲ့လွဲချော်တဲ့အခါမှာလဲ မချင့်မရဲစိတ်၊ မခံချင်စိတ်ဖြစ်ကြရပါတယ်။ ပြည်သူတိုင်း၊ အားကစားမှာ ပါဝင်ယှဉ်ပြိုင်နေတဲ့သူတိုင်းက အောင်မြင်မှုကိုမျှော်မှန်းကြပေမဲ့ အားလုံးစုပေါင်းပါဝင်ကစားရတဲ့အားကစားနည်းတွေမှာ အားလုံးကတက်ညီလက်ညီရှိနေမှလဲ အောင်မြင်မှုရလာမှာဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်က နည်းနည်းလေးညံ့နေရင် ထင်ထားသလိုဖြစ်လာမှာမဟုတ်ပါဘူး။

စာရေးသူက တက်ညီလက်ညီဆိုတာလေးရေးလိုက်မိတော့အတွေးထဲမှာ ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် သုံးခု ရရှိအောင်မြင်ခဲ့တဲ့အသင်းအကြောင်းကို စာဖတ်သူတွေမှတ်မိအောင် ပြန်လည်ဖော်ပြလိုစိတ်ပေါ်လာပါတယ်။ အောင်ပွဲရအားကစားအသင်းကို လှိုက်လှိုက်လှဲလှဲကြိုဆိုလိုက်တာကိုလဲ ရုပ်မြင်သံကြားသတင်းမှာ မြင်တွေ့လိုက်ရပါတယ်။ အသေးစိတ်သိချင်တာနဲ့ သတင်းစာတွေပြန်ကြည့်လိုက်တော့ နိုဝင်ဘာ ၄ ရက်ထုတ် သတင်းစာတွေမှာ ဖော်ပြထားပါတယ်။ သတင်းအနှစ်ချုပ်ပြောရရင် "မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများသည် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့နှင့် ဖိလစ်ပိုင်နိုင်ငံ Puerto Princesa မြို့တို့တွင်ကျင်းပခဲ့သည့်ပြိုင်ပွဲများအပြီး စုစုပေါင်း ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခုရရှိခဲ့ပြီး ထိုပြိုင်ပွဲမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ၂၀၂၅ ခုနှစ် ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့မှာကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲသို့ မြန်မာ့လှေလှော်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသွားကြောင်း သိရသည်"လို့ ဖြစ်ပါတယ်။

မြန်မာ့လှေလှော် အားကစားသမားတွေရဲ့ အောင်မြင်မှုဟာ ရွှေတံဆိပ်ကို တောင့်တနေတဲ့ မြန်မာနိုင်ငံအတွက် ဝမ်းသာစရာကောင်းတဲ့သတင်းပါပဲ။ လှိုက်လှိုက်လှဲလှဲဂုဏ်ပြုပါတယ်။ အားကစားမှာ ရွှေတံဆိပ်ရရှိခဲ့တဲ့ နောက်ထပ်သတင်းတစ်ပုဒ်ကတော့ "(၁၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲမှာ မြန်မာနိုင်ငံမှ ရဲထွန်းနောင် ပထမ(ရွှေတံဆိပ်)ရရှိ"တဲ့ သတင်းကောင်းပဲ ဖြစ်ပါတယ်။ ဒီအားကစားနည်းကတော့ တစ်ဦးချင်းကြိုးစားရတဲ့ အားကစားနည်းဖြစ်ပါတယ်။ ၇၅ ကီလိုတန်းမှာ နိုင်ငံပေါင်း ခြောက်နိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ရာမှာ ရဲထွန်းနောင် ပထမရရှိခဲ့တာဖြစ်ပါတယ်။ ဒါတွေကတော့ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်မကျင်းပမီမှာသိရှိရတဲ့ ဝမ်းသာစရာအားကစားသတင်းတွေပဲ ဖြစ်ပါတယ်။

**❖အားကစားမောင်မယ်တွေအနေနဲ့ အားကစားစိတ်ဓာတ်ပြည့်ဝစွာထားရှိရပါမယ်။ အားကစားစိတ်ဓာတ်မှာ လူငယ်လူရွယ်တို့ရဲ့ ဘဝအနိမ့်အမြင့်၊ အနာဂတ်ကံကြမ္မာကို ပီပြင်အောင်ရုပ်လုံးဖော်ပေးနိုင်စွမ်းရှိတဲ့ ပင်မအခြေခံအင်အားတစ်ရပ်ဖြစ်ပါတယ်။ အားကစားသမားကောင်းတစ်ဦးဖြစ်လိုလျှင် သည်းခံမှု၊ ဇွဲရှိမှု၊ အနစ်နာခံမှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ ရေသာမခိုမှု၊ စုပေါင်းစိတ်ဓာတ်ရှိမှု၊ ဥပဒေကိုလေးစားတတ်မှု၊ မှန်ကန်သောဆုံးဖြတ်ချက်ကို မငြိုမငြင်ခံယူတတ်မှု၊ အရှုံးကို အပြုံးဖြင့်ရင်ဆိုင်တတ်မှု စတဲ့စိတ်ဓာတ်ထားရှိရမှာဖြစ်ပါတယ်။ ❖**

တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုတဲ့ ဆောင်ပုဒ်ကို သတိရမိပါတယ်။ လူတိုင်းအတွက် ခွန်အားဖြစ်စေတဲ့ဆောင်ပုဒ်ပါ။ ကျောင်းနေစဉ်အရွယ်ကတည်းက မိမိတို့ရဲ့သားသမီး၊ တပည့်တွေကို မိဘဆရာတွေက အားကစားမှာ စိတ်ဝင်စားအောင် လုပ်ဆောင်သင့်ပါတယ်။ အားကစားလုပ်ဆောင်ဖို့အချိန်လဲ ပေးသင့်ပါတယ်။ ဒီကနေ့ခေတ်ကာလမှာ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းတိုင်းနီးပါးမှာ အားကစားကွင်းတွေကို အကောင်းမွန်ဆုံးတည်ဆောက်ပေးထားပါတယ်။ အဲဒီအားကစားကွင်းထဲမှာ ကျောင်းသား၊ ကျောင်းသူတွေစဉ်ဆက်မပြတ်ရှိနေသင့်ပါတယ်။ ဆိုလိုချင်တာ အနည်းဆုံးအဆင့်ကလေးတွေ ခုန်ပေါက်ပြေးလွှားနေတာမျိုး၊ ကျောင်းသူတွေဆိုရင်လဲ အဖွဲ့လိုက်ထုပ်ဆီးတိုးတာမျိုး စသည်ဖြင့် ကလေးတွေရဲ့စိတ်ကို လန်းဆန်းတက်ကြွအောင် လုပ်ဆောင်ပေးကြရပါမယ်။ ဘောလုံးဝါသနာပါသူကလေးတွေအတွက် ဆရာတစ်ဦးဦးကဦးဆောင်ပြီး တစ်ဖက်နဲ့တစ်ဖက် လူစုဖွဲ့ပြီး ဘောလုံးကန်ခိုင်းသင့်ပါတယ်။ အလားတူ ခြင်းခတ်နေတာမျိုး၊ ဘော်လီဘောကစားနေတာမျိုး၊ ကြက်တောင်ရိုက်တာမျိုး၊ ဘတ်စကက်ဘော ကစားတာမျိုးတွေ လုပ်ဆောင်နေမယ်ဆိုရင် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်တွေရဲ့ စိတ်ထဲမှာ အားကစားကို စိတ်ဝင်စားသွားမှာအမှန်ဖြစ်ပါတယ်။

ကျောင်းစာမှကျောင်းစာ ဖြစ်နေတာမျိုးဆိုတဲ့ အတွေးစိတ်ကို အားကစားမှာ စိတ်ဝင်စားအောင် လုပ်ဆောင်ပေးရပါမယ်။ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်တဲ့နေရာမှာ မိမိတို့ထူးချွန်တဲ့ပညာရပ်အလိုက် ထမ်းဆောင်ကြရတာ ဖြစ်ပါတယ်။ အားကစားမှာ တကယ်ထူးထူးချွန်ချွန်ဖြစ်လာရင် မိမိတို့ရဲ့ဘဝရှေ့ရေး အသက်မွေးဝမ်းကျောင်းအတွက် လုံလောက်တယ်ဆိုတဲ့အသိမျိုးထိ ရှိနေကြရမှာဖြစ်ပါတယ်။ အားကစားမှာ ထူးချွန်အောင်မြင်ရင် ထူးချွန်သူကိုယ်တိုင် ကောင်းကျိုးခံစားရမှာဖြစ်သလို မိမိတက်ရောက်ပညာသင်ခဲ့တဲ့ကျောင်းလဲ နာမည်ရရှိမှာဖြစ်ပါတယ်။ အလားတူ မိမိကိုယ်စားပြုတဲ့ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လဲ ဂုဏ်သိက္ခာမြင့်မားနေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လူငယ်မောင်မယ်တိုင်းက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတစ်ယောက်ဖြစ်လာတဲ့ထိ ကြိုးစားကြရမှာဖြစ်ပါတယ်။

နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းတွေ ပေါ်ထွန်းလာစေဖို့အတွက် အခုဆိုရင် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်အောင်မြင်မြင် ကျင်းပတော့မှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့တဲ့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲလိုမျိုး တကယ့်ကို ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါ ကျင်းပဖို့ ပြင်ဆင်ထားပြီးလဲဖြစ်ပါတယ်။

အားကစားမောင်မယ်တွေအနေနဲ့ အားကစားစိတ်ဓာတ် ပြည့်ဝစွာထားရှိရပါမယ်။ အားကစားစိတ်ဓာတ်မှာ လူငယ်လူရွယ်တို့ရဲ့ ဘဝအနိမ့်အမြင့်၊ အနာဂတ်ကံကြမ္မာကို ပီပြင်အောင် ရုပ်လုံးဖော်ပေးနိုင်စွမ်းရှိတဲ့ ပင်မအခြေခံအင်အားတစ်ရပ်ဖြစ်ပါတယ်။ အားကစားသမားကောင်းတစ်ဦးဖြစ်လိုလျှင် သည်းခံမှု၊ ဇွဲရှိမှု၊ အနစ်နာခံမှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ ရေသာမခိုမှု၊ စုပေါင်းစိတ်ဓာတ်ရှိမှု၊ ဥပဒေကိုလေးစားတတ်မှု၊ မှန်ကန်သောဆုံးဖြတ်ချက်ကို မငြိုမငြင်ခံယူတတ်မှု၊ အရှုံးကို အပြုံးဖြင့် ရင်ဆိုင်တတ်မှု စတဲ့စိတ်ဓာတ်ထားရှိရမှာဖြစ်ပါတယ်။ ဒါ့ပြင် တရားသောယှဉ်ပြိုင်မှုနှင့် အောင်မြင်မှုကို ရယူဖန်တီးတတ်မှု စတဲ့အရည်အချင်းကောင်းများလဲ ရှိထားကြရမှာဖြစ်ပါတယ်။ အားကစားကဏ္ဍအောင်မြင်မှုဟာ နိုင်ငံနဲ့လူမျိုးရဲ့ဂုဏ်ကို မြင့်တက်စေပါတယ်။

အားကစားဆိုတာ ရုပ်ပိုင်းဆိုင်ရာသန်စွမ်းနေရုံနဲ့မပြီးသေးပါဘူး။ စိတ်ပိုင်းဆိုင်ရာမှာလဲ သန်စွမ်းနေရပါမယ်။ ဒါကိုတော့ ကျောင်းတွေက အခြေခံလေ့ကျင့်သင်ကြားပေးဖို့ လိုအပ်ပါတယ်။ အားကစားပြိုင်ပွဲမှာ မိမိယှဉ်ပြိုင်ဘက်အပေါ် လေးစားခြင်း၊ အနိုင်ရယူလိုစိတ်ရှိခြင်း၊ စည်းကမ်းလိုက်နာနိုင်ခြင်း၊ အဖွဲ့လိုက်အားကစားနည်းတွေကြောင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် လုပ်ဆောင်တတ်ခြင်း၊ အပေးအယူမျှမျှတတဖြင့် ပေါင်းသင်းဆက်ဆံရေးကောင်းခြင်း၊ စာနာနားလည်နိုင်ပြီး အသိအမှတ်ပြုတတ်လာခြင်း၊ အကျင့်စာရိတ္တကောင်းမွန်လာခြင်း၊ အရှုံးကိုလက်ခံနိုင်သလို အနိုင်ရလဒ်အပေါ်မှာလဲ မောက်မာမှုကင်းခြင်း၊ ပြိုင်ပွဲမှာမိမိရဲ့ အားသာချက်၊ အားနည်းချက်ကို ရှာဖွေဖော်ထုတ်ခြင်း စတာတွေဟာ အလွန်ပဲ ချစ်စရာကောင်းတဲ့ အားကစားစိတ်ဓာတ်ပါ။ တစ်နည်းပြောရရင် စိတ်ပိုင်းဆိုင်ရာ ကိုယ်ရည်ကိုယ်သွေး မြင့်မားခြင်းပဲဖြစ်ပါတယ်။

မည်သည့်အားကစားနည်းတွင်မဆို အားကစားစိတ်ဓာတ်နှင့်အရည်အချင်းကောင်းများ ပြည့်ဝနေတဲ့ အားကစားသမားများရှိနေပါက အောင်မြင်မှုလမ်းကြောင်းဆီကို ဦးတည်နေပြီလို့ ယူဆနိုင်ပါတယ်။ အဲလိုမျိုး စိတ်ဓာတ်ကောင်းရန်၊ အရည်အချင်းပြည့်ဝရန် ပြုပြင်လေ့ကျင့်ယူရပါမယ်။ လေ့ကျင့်သားပြည့်ဝနေမှသာ အောင်မြင်မှုကို မျှော်မှန်းနိုင်ကြမှာပါ။ လေ့ကျင့်သားပြည့်ဝနေစေရန်မှာ နည်းပြတွေရဲ့သင်ကြားပို့ချမှု လက်တွေ့လေ့ကျင့်ခန်းများကို မခိုမကပ်၊ မညည်းမညူ လိုက်ပါလုပ်ဆောင်ကြရပါမယ်။ ချွေးထွက်များမှ သွေးထွက်နည်းမယ်ဆိုတဲ့ စကားဟာ အောင်မြင်မှုကိုညွှန်းဆိုခြင်းဖြစ်ပါတယ်။ လေ့ကျင့်သားပြည့်ဝမှုဟာ အောင်မြင်မှုကိုလမ်းခင်းပေးခြင်းဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးကဏ္ဍသုံးရပ်စလုံးဟာ အားကစားကဏ္ဍနဲ့ ဆက်စပ်လျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံတချို့မှာ အားကစားထူးချွန်တဲ့ ကမ္ဘာကျော်ဘောလုံးကစားသမားများကြောင့် ၎င်းတို့၏နိုင်ငံဟာ ထင်ပေါ်ကျော်ကြားလာပါတယ်။ အားကစားသမားများကို မွေးထုတ်ပေးရာ အားကစား ကျောင်းများ၊ အားကစားတက္ကသိုလ်များ၊ အားကစားပြိုင်ပွဲများကိုအခြေခံကာ ကမ္ဘာ့နိုင်ငံအသီးသီးမှ အားကစားဝါသနာပါသူ၊ အားကစားနှင့်နီးနွှောဆက်နွယ်သူ စီးပွားရေးလုပ်ငန်းရှင်များက သယံဇာတကြွယ်ဝမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ပေါများမှုတို့အပေါ် စီးပွားရေးလုပ်ငန်းရှင်တွေကလဲ ရင်းနှီးမြှုပ်နှံမှုပြုကြပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေများလာရင် နိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများလာမှာဖြစ်ပါတယ်။

အားကစားဆိုတာ နုပျိုတဲ့အရွယ်မှာသာ ကစားလို့ အကောင်းဆုံး၊ အစွမ်းပြလို့အကောင်းဆုံးဖြစ်ပါတယ်။ ဒါကြောင့် လူငယ်မောင်မယ်တို့ကိုညွှန်းဆိုခြင်းဖြစ်ပါတယ်။ လူငယ်အရွယ်မှာ တော်အောင်၊ ထူးချွန်အောင်ကစားနိုင်မယ်ဆိုရင် အသက်အရွယ်ရလာတဲ့အခါမှာလဲ နည်းပြများအဖြစ်၊ အားကစားအကြံပေးများအဖြစ် နိုင်ငံတော်ကို အကျိုးပြုနိုင်ကြပါတယ်။

၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသောလူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားကစားလာစေရေးဆိုတဲ့ ဦးတည်ချက် ၅ ရပ်နဲ့ ကျင်းပမှာဖြစ်ပါတယ်။ အနှစ်ချုပ်ဆိုရရင်တော့ ပြိုင်ပွဲဝင်အားကစားသမားတွေအနေနဲ့ ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်အောင်ကြိုးစားကြပါ။ ပြည်သူတွေကလဲ နိုင်ငံတော်ရဲ့ အားကစားအောင်မြင်မှုတွေကို မျှော်လင့်နေကြပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အားကစားကဏ္ဍမြှင့်မားရေးကို အလေးထားနေတာမို့ အားကစားဖြင့် ပြည့်ဂုဏ်မြင့်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ

# မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူကလေးဝတောရ စာသင်တိုက်ကျောင်းတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး စုပေါင်းမဟာဘုံကထိန်ပွဲတော် ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူကလေးဝတောရ စာသင်တိုက်ကျောင်းတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အကြိမ် ၂၀ မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဗဟိုအလုပ်အမှုဆောင် သရုပ်ဆောင် ခန့်စည်သူက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ အကြိမ် ၂၀ မြောက် စုပေါင်းမဟာဘုံကထိန်တွင် စုစုပေါင်းငွေကျပ် သိန်း ၃၀၀ ခန့် တန်ဖိုးရှိ ပဒေသာပင် ၄၂ ပင်နှင့် ကထိန်သင်္ကန်းအပါအဝင် လှူဖွယ်ပစ္စည်းအစုစုတန်ဖိုးငွေကျပ်သိန်း ၁၀၀ ခန့်တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းတိုက်ရှိ သံဃာတော်အပါး ၆၀၀ ကို ရုပ်ရှင်အနုပညာရှင်များက နေ့ဆွမ်းဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

"ဒီနှစ် ဘုံကထိန်အလှူလေးက တော့ ကျွန်တော်တို့မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ အကြိမ် ၂၀ မြောက် အလှူပါ။ ရုပ်ရှင်လောကသားတွေ စုပေါင်းလှူဒါန်းထားတဲ့ အလှူလေးပါ။ ဒီနှစ်အလှူလေးမှာ ရုပ်ရှင်လောကသားတွေ ပြန်တွေ့ရပါတယ်။ ဒီနှစ်က လူသိပ်မစုံကြဘူး။ တချို့ကလဲ ကိုယ့်နယ်ပြန်ကြတာတွေရှိတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗဟိုအလုပ်အမှုဆောင် သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်ပွဲတော်သို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာ စည်သူ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး၊ အစည်းအရုံးမှ နာယကကြီးများ၊ ဒါရိုက်တာ အလင်္ကာကျော်စွာ၊ ပန်းချီစိုးမိုး၊ ရန်အောင်၊ ခန့်စည်သူ၊ ဒါရိုက်တာ ဦးဝင်းမြင့်၊ နွဲ့နွဲ့စန်း၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ဆုပန်ထွာ၊ ခိုင်နှင်းဝေ၊ ဆောင်းအိန္ဒြေထွန်း၊ အေမီချာနှင့် အခြားအနုပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ASH

# Headhunter ဇာတ်ကား၌ အီဗန်မော့နှင့် ခလိုးအိတို့ ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၁၅**

Headhunter လျှို့ဝှက်သည်းဖိုအက်ရှင် ဇာတ်ကားသစ်တွင် မင်းသား အီဗန်မော့နှင့် မင်းသမီး ခလိုးအိတို့ ပါဝင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

Headhunter ဇာတ်ကားတွင် အီဗန်မော့နှင့် ခလိုးအိတို့အနေဖြင့် ကမ္ဘာကျော်မင်းသားကြီး ကီဗင်ကော်စနာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Headhunter ဇာတ်ကားသည် အင်ဒိုနီးရှားကျွန်းတစ်ကျွန်းပေါ်ရှိ ရှေးဟောင်း ခေါင်းဖြတ်သမားလူမျိုးစုတစ်စုနှင့် ရင်ဆိုင်ခဲ့ရသည့် ရေလွှာလျှောစီးသမားများ၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ စတီဗင်ဟော်လာရင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Headhunter ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား လီဗင်ကော်စနာနှင့် ဒါရိုက်တာ စတီဗင်ဟော်လာရင်တို့က ပူးတွဲရေးသားထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Miss Universe 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန်က National Costume အဖြစ် မြန်မာ့လာဘ်ကောင် ရွှေဇီးကွက်ဝတ်စုံဖြင့် ယှဉ်ပြိုင်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် Miss Universe 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန်က National Costume အဖြစ် မြန်မာ့လာဘ်ကောင် ရွှေဇီးကွက်ဝတ်စုံဖြင့် နိုဝင်ဘာ ၁၄ ရက်က ယှဉ်ပြိုင်ခဲ့ကြောင်း အလှမယ် သက်စံအန်ဒါဆန်က ပြောပြ၍ သိရသည်။

Miss Universe 2024 ပြိုင်ပွဲတွင် National Costume အဖြစ် မြန်မာနိုင်ငံသူ နိုင်ငံသားများ လာဘ်လာဘ အတိတ်နိမိတ်ကောင်းများ ရစေရန်ရည်ရွယ်၍ မြန်မာ့လာဘ်ကောင် ရွှေဇီးကွက်ဝတ်စုံဖြင့် ယှဉ်ပြိုင်ခဲ့ကာ အဆိုပါဝတ်စုံကို ဒီဇိုင်နာ မြတ်ကလျာမျိုးက ဖန်တီးချုပ်လုပ်ထားကြောင်း သိရသည်။

"ရွှေဇီးကွက်ကလေးကို မြန်မာတို့ရဲ့ လာဘ်ကောင်ကလေးအဖြစ် အိမ်ရဲ့ဧည့်ခန်းတွေ၊ ဈေးဆိုင်တွေနဲ့ ဈေးရောင်းတဲ့ချိန်ခွင်တွေမှာ အလှထား ချိတ်ဆွဲလေ့ရှိကြပါတယ်။ မျက်လုံးဝိုင်းဝိုင်းကလေးတွေနဲ့ ချစ်စရာကောင်းတဲ့ ဇီးကွက်ကလေးတွေကို လာဘ်ခေါ်အရုပ်ကလေးအနေနဲ့ ချိတ်ဆွဲကြတဲ့အပြင် ကိုယ့်ရဲ့အိမ်ထဲကို ဇီးကွက်ကလေးတွေဝင်လာရင်လဲ ငွေကြေးတွေဝင်ရောက်တော့မဲ့ အတိတ်နိမိတ်အဖြစ်မှတ်ယူပြီး ဇီးကွက်လေးကို ရွှေရည်ငွေရည်လောင်းကာ ပြန်လွှတ်လေ့ရှိကြပါတယ်။ ဒါကြောင့် အများပြည်သူအတွက် လာဘ်လာဘ အတိတ်နိမိတ်ကောင်းတွေရစေဖို့ ရည်ရွယ်ပြီး ချစ်စရာမြန်မာ့ရွှေဇီးကွက်လေးကို အမျိုးသားဝတ်စုံအဖြစ် ဒီဇိုင်နာ မြတ်ကလျာမျိုးက ဖန်တီးထားတာဖြစ်ပါတယ်"ဟု အလှမယ် သက်စံအန်ဒါဆန်က ပြောပြသည်။



Miss Universe 2024 ပြိုင်ပွဲ၏ Voice For Change Project Fan Vote နိုင်ငံတကာအလှမယ်ဦးရေ ၂၀ စာရင်းတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန်သည် အမှတ်စဉ် (၁၆) တွင် ရပ်တည်နေကြောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် နောက်ဆုံးပြိုင်ပွဲအဖြစ် ကျင်းပမည့် ၇၃ ကြိမ်မြောက် Miss Universe 2024 ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၇၀ ကျော်မှ နိုင်ငံကိုယ်စားပြုနိုင်ငံတကာ အလှမယ်များနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် သက်စံအန်ဒါဆန် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# A24 အတွက် Bushido ဇာတ်ကားကို ဂျပန်ဒါရိုက်တာ ဟီရိုမူရာအိ ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၁၅**

ဂျပန်ဂီတဗီဒီယို ဒါရိုက်တာ ဟီရိုမူရာအိသည် A24 ရုပ်ရှင်ကုမ္ပဏီအတွက် Bushido အမည်ရှိ ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

Bushido ဇာတ်ကားသည် ရုပ်သံဇာတ်လမ်းများ၊ ဂီတဗီဒီယိုများဖြင့် ကမ္ဘာကျော်သည့် ဟီရိုမူရာအိအတွက် ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Bushido ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို A24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားသည် ဂျပန်နိုင်ငံ၏ မြေရှင်ပဒေသရာဇ်ခေတ်ကာလကို နောက်ခံထားရိုက်ကူးမည့် အက်ရှင်ဇာတ်ကားဖြစ်သည်။

Bushido ရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဟင်နရီဒန်ဟမ်းက ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Bushido ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို A24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# မောင့်ဆိုမီယာ ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာလအတွင်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**


ဟိန္ဒူဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ စကားလုံးအသုံးအနှုန်းနှင့် အိန္ဒိယယဉ်ကျေးမှုကိုဖော်ညွှန်းပြသမည့် မောင့်ဆိုမီယာ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလအတွင်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် ဟန်ဇာမိုးဝင်းက ပြောပြ၍ သိရသည်။

မောင့်ဆိုမီယာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားထားပြီး ခတ္တီယ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝင်းလွင်ထက်က တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

"မောင့်ဆိုမီယာ ရုပ်ရှင်မှာ ဟိန္ဒူဘာသာရေး ဓလေ့ထုံးတမ်းအတိုင်း မီးပုံကိုပတ်ပြီးတော့ မင်္ဂလာဆောင်တာကိုလဲ သေချာထည့်ရိုက်ထားသလို ဘောလီးဝုဒ်ရုပ်ရှင်တွေထဲကအတိုင်း မင်္ဂလာပွဲမှာ သီချင်းနဲ့ကတာလဲပါတယ်။ မောင့်ဆိုမီယာ ရုပ်ရှင်ကားမှာ အိန္ဒိယနွယ်ဖွားမင်းသမီး ပါဝင်ထားပါတယ်"ဟု သရုပ်ဆောင် ဟန်ဇာမိုးဝင်းက ပြောပြသည်။

မောင့်ဆိုမီယာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ရန်အောင်၊ ဟန်ဇာမိုးဝင်း၊ ဂျိုကာ၊ အရိုင်း၊ ကေညီ၊ ကောင်းစျာန်ဟိန်း၊ Ashwarya Kumar၊ ခရစ္စတီးနား၊ မှုးထိပ်ထား၊ ဆို့နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing receives delegation led by Head of Republic of Buryatia and Chairman of Buryatia Government of Russian Federation



Senior General Min Aung Hlaing receives H.E. Mr. Alexey Sambuevich Tsydenov, Head of the Republic of Buryatia and Chairman of the Buryatia Government of the Russian Federation.

**Nay Pyi Taw November 15**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing met with a delegation led by H.E. Mr. Alexey Sambuevich Tsydenov, Head of the Republic of Buryatia and Chairman of the Buryatia Government of the Russian Federation, this morning at the Diplomatic Hall of the State Administration Council Chairman's Office in Nay Pyi Taw.

Attending the meeting with the Senior General were Joint SAC Secretary General Ye Win Oo, Union Ministers U Tin Oo Lwin, Dr. Charlie Than, U Tun Ohn, Dr. Nyunt Pe, and Dr. Thet Khaing Win, Chairman of the Nay Pyi Taw Council U Than Tun Oo, and other officials. The Russian delegation included H.E. Mr. Iskander Azizov, Russian Ambassador to Myanmar, Mrs. Ludupova Evgeniia Iurevne, Deputy Head of Buryatia and Minister of Health and other delegation members.

During the meeting, the Senior General extended greetings, stating that the Republic of Buryatia holds a special relationship with Myanmar. He expressed appreciation for their goodwill visit to Myanmar and extended warm greetings.

H.E. Alexey Sambuevich Tsydenov responded by expressing his honor in visiting Myanmar on this goodwill trip. He praised Myanmar's peaceful and beautiful environment and noted the warm hospitality and courtesy extended by the government officials and the Myanmar people, deepening the friendly ties between the two regions.

Discussions followed on strengthening bilateral relations and cooperation, mutual goodwill visits, Myanmar mainly engaged in the cultivation of rice, oil crops and eans and pulses, the establishment of plants to produce natural fertilizers, the potential for collaboration in boosting sunflower cultivation, the potential for Myanmar's forest products to be used for manufacturing veneer and pulp, improving rubber and cotton production, and cooperation in turning raw materials into finished products. They also discussed technological collaboration in industrial and mining sectors, tourism development, direct air connectivity, and educational exchanges to enhance human resources. Further, they explored health sector collaboration, cultural and religious exchanges, and updates on Myanmar's political developments.

At the conclusion of the meeting, the Senior General and H.E. Alexey Sambuevich Tsydenov exchanged commemorative gifts and had a group photo taken.

The delegation from the Republic of Buryatia, led by H.E. Alexey Sambuevich Tsydenov, arrived in Myanmar on November 12. During their stay, they visited prominent landmarks, including the Shwedagon Pagoda in Yangon, Chaungtha Beach in the Ayeyawady Region, and other notable destinations. They plan to continue their visits to explore more iconic locations in Myanmar.

100

# Interview: China plays pivotal role in global climate action, says former UN official

**Baku November 15**

China is now an indispensable nation for global climate efforts, former UN Under-Secretary-General Erik Solheim told Xinhua in a recent interview.

The 29th session of the Conference of the Parties to the United Nations Framework Convention on Climate Change (COP29) commenced Monday in Baku, Azerbaijan, aiming to bolster climate finance, carbon trading, and the global transition from fossil fuels. The conference will run until Nov. 22.

Solheim, also the former UN Environment Executive Director, shared his views on China's current role in fighting climate change amid ongoing global changes.

"China is now an indispensable nation for global climate efforts," Solheim said, adding that it is essentially "impossible for the world to go green without China."

China plays an important role in the global green energy transition, accounting for 60 percent or more of global production in key green sectors, including solar, wind, and hydropower, as well as electric cars and batteries, he said.

He also stressed the need for necessary investments to tackle climate challenges, saying multilateral platforms, like BRICS, are increasingly significant for addressing climate change. Xinhua



This photo taken on Nov. 13, 2024 shows products displayed at the China Pavilion during the 29th session of the Conference of the Parties to the United Nations Framework Convention on Climate Change (COP29) in Baku, Azerbaijan. Various products and services with Chinese elements have drawn attention from participants at COP29.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 2024 Tazaungdaing Festival, hot air balloon releasing, Matho Shwekya Robes weaving and offering and prize presentation ceremony of Maravijaya Buddha Image held



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch the releasing of a hot air balloon.

**Nay Pyi Taw November 15**

The 2024 Tazaungdaing Festival, hot air balloon releasing, Matho Shwekya Robes weaving and offering and prize presentation ceremony of Maravijaya Buddha Image in Dekkhinathiri Township, Nay Pyi Taw, Union Territorywas held on a grand scale at Fountain Square, Maravijaya Buddha Park, this evening.

Present were Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the Joint SAC Secretary and wife, Head of Republic of Buryatia Chair of Buryatia Mr. Alexey Sambuevich Tsydenov and members of the goodwill delegation who were on a friendship visit in Myanmar, SAC members and wives, union ministers and wives, the Nay Pyi Taw council chair, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw command commander, officials, participants of hot air balloon releasing, Matho Shwekya Robes weaving competitions from Nay Pyi Taw Council Area and regions and states, and monks and layperson pilgrims.

The Senior General and wife, the Head of Republic of Buryatia and attendees paid homage to and offered flowers, water, lights and to the Maravijaya Buddha Image and lighted the lamps together.

They went round the Image clock wise and rang the Saddhadhipati Bell.

On arrival at the venue, the Senior General and wife and attendees were welcomed by ethnic traditional dances.

The Senior General and the Head of Republic of Buryatia and delegation watched the hot air balloon releasing competition.

They then watched the release of Myatyaungchi hot air balloon to mark Russia-Myanmar friendship. ***See Page 14***



Senior General Min Aung Hlaing presents certificate of honour for a winning team.



Senior General Min Aung Hlaing presents certificate of honour for a winning team.



Senior General Min Aung Hlaing presents certificate of honour for a winning team.



Vice-Senior General Soe Win presents certificate of honour for a winning team.



Vice-Senior General Soe Win presents certificate of honour for a winning team.



Vice-Senior General Soe Win presents certificate of honour for a winning team.

# People pay obeisance to Buddha images at pagodas during Tazaungdaing light festival in respective regions and states on full moon day of Tazaungmone (Samanaphala Holy Day)

**Nay Pyi Taw November 15**

As today is the full moon day of Tazaungmone (Samanaphala Holy Day), one of the holy days of Buddhists, Tazaungdaing light festivals are held annually as a fine tradition of Myanmar in accordance with the Myanmar traditional culture.

On the occasion of the holy day, Buddhists go on a fast, recite Pathan and Paritha, celebrate Kathina Auspicious Ceremonies to offer Kathina robes in monasteries and make Dhana Sila

Bhanava donations in dedication to the Buddha and pay obeisance to Buddha images in pagodas in peace of mind.

As the Myanmar cultural festival was being held, Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, Vice Chairman of the SAC Depury Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy, Air) and wife and senior officers from the Office of the Commander-in-Cheif of Defence Services and their wives, union-level officials and their wives happily celebrated the festivals by offering oil lights, colourful lights, flowers and water and 1,000 oil lights at Buddha images at the Shwe Phone Pwint Pagoda.

Similarly, in the compound of the Office of the Commander-in-Chief of Defence Services (Army), the light festival was held by decorating roads, buildings and trees with colourful lights while festivities were held significantly by families of the Office of the Commander-in-Chief of Defence Services.

As Tazaung refers to the beacon of lights and oil lights and Mone means brightness, the festival amounts to a large number of shining lights to the end of the eye sight and pagodas were crowded wit people making offerings to Shin Upagutta, holding floating light festivals, offering Matho robes and organizing charity bazaars. Moreover, the situation of the country was peaceful with donors of salad of the bulbs of Mezali trees, people who made donations to anyone who was lucky enough to find them and those who found them.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer oil lamps at the Shwe Phone Pwint Pagoda.

Similarly, as it was the Tazaungdaing holidays, resorts, coasts and parks in regions and states were crowded with people who were celebrating the full moon day of Tazaungmone (Samanaphala Holy Day).

100



Senior General Min Aung Hlaing receiving welcome from cultural troupes and pilgrims.

*From Page 13*

Decorated with floral designs the balloon bore the words Myatyaungchi in blue colour. The balloon is also carrying the lotus flowers figures and words Buryatia.

While the contestants were preparing to launch the balloon, ethnic dance troupes performed yein dances, traditional songs and dances.

The Senior General and the Head of Republic of Buryatia and delegation visited the stone-tablet pagodas.

At the prize-presentation ceremony, SAC members presented best team-wise discipline award, best team-wise performance award, best seamstress award, best fabric award, and best loom operation award to winners.

SAC member General Mya Tun Oo presented fifth prize to Nay Pyi Taw Council team, the Joint SAC Secretary fourth prize to Kachin State team, the SAC Secretary third prize to Sagaing Region team, the Vice-Senior General second prize to Taninthayi Region team together with the cups and cash awards and certificates.

The Senior General presented the trophy, cash award and a certificate of honour to first prize winning Mandalay Region team.

Council members presented the best discipline award, best beautiful award, best innovative award, best releasing award, best releasing record award, best shape award, and best lantern paper award to the teams representing ministries in the Seinnaban hot-air balloon releasing contest.

The Secretary and the SAC Vice-Chairman Deputy Prime Minister presented trophies, cash awards and certificates of honour to third and second prize winning Ministry of Investment and Foreign Economic Relations and Ministry of Social Welfare, Relief and Resettlement respectively.

The Senior General presented the trophy, cash award and a certificate of honour to first prize winning the Commander-in-Chief (Navy) team of the Ministry of Defence.

Council members also presented trophies, cash awards and certificates of honour to the best discipline award, best beautiful award, best innovative award, best releasing award, best releasing record award, best shape award, and best lantern paper award to the teams representing ministries in the night flare (night large balloon) releasing contest.

The Secretary and the the SAC Vice-Chairman Deputy Prime Minister presented trophies, cash awards and certificates of honour to the third prize winning Ministry of Border Affairs and the second prize winning Ministry of Home Affairs respectively.

The Senior General gave the trophy, cash award and a certificate of honour to the first prize winning MInistry of Transport and Communications.

After the awarding ceremony, the ceremony ended with display of fireworks. The Senior General and his wife cordially greeted audiences to the contests and festival and pilgrim monks and people.

The Tazaungdine lighting festival was held at the Buddha Park of Maravijaya Buddha Image in Dekkhinathiri Township of Nay Pyi Taw Union Territory from 13 to 15 November. During the period, Maha Pathana treatises and religious verses were recited. Moreover, fireworks were displayed with releasing of night flares and Seinnaban hot-air balloons and the second Mathose lotus robe weaving contest for the Buddha image. The precinct of the Buddha image was illuminated with LED blubs. The shops sold MSME products, domestic products, foodstuffs and personal goods as well as Myanmar traditional snacks. Artistes from Fine Arts Department and performer Po Chit theatrical troupe performed entertainment, crowed with pilgrims and people. 100



Senior General Min Aung Hlaing and the visiting Head of the Republic of Buryatia visit the stone-tablet pagodas.

# ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်သွေး ကိုယ့်သား

ကျော်တေဇ(ဥက္ကလာ)

ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကိုကြည့်ပါက ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံများ၏ ဩဇာလွှမ်းမိုးချုပ်ကိုင်လိုမှုအတွက် ပြည်တွင်းမငြိမ်မသက်ဖြစ်စေရန် ပုံဖော်ဖန်တီးထားခြင်းများပင်ဖြစ်ကြောင်း တွေ့မြင်ရသည်။ ပြည်တွင်း မငြိမ်မသက်ဖြစ်မှုအခြေအနေများကို ခြုံငုံလေ့လာလျှင်လည်း ပြည်တွင်းစည်းလုံးညီညွတ်မှုအားနည်းသည်ကို တွေ့ရှိရပြန်သည်။ သူတစ်လူငါတစ်မင်းစိတ်ဓာတ်များနှင့် ရှေ့ဆက်သွားလျှင် နိုင်ငံတော်၏အနာဂတ်မှာ မတွေးဝံ့စရာပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်သွေးကိုယ့်သားစိတ်ဖြင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို မွေးရာပါသမိုင်းပေးတာဝန်များအဖြစ် ကိုယ်စီအသိတရားဖြင့် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ကနဦး အသိပေးလိုသည်။

ဒီ့တာဝန်အရေးသုံးပါးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မဖြစ်မနေစောင့်ထိန်းရခြင်းအကြောင်းမှာ သာမန်မဟုတ်ပေ။ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ပြည်တွင်းသောင်းကျန်းမှုကာလများကြားမှ ရယူခဲ့သော သမိုင်းသင်ခန်းစာတစ်ခုဖြစ်သည်ကို နိုင်ငံသားတိုင်း နက်ရှိုင်းစွာနားလည်ထားရမည်။ နှုတ်ဖြင့်စောင့်ထိန်းရသည်မဟုတ်၊ နှလုံးသားဖြင့် စောင့်ထိန်းရမည်ဟုသာ လေးလေးနက်နက်ပြောလိုသည်။ ဒီ့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရမည့် အဓိကတာဝန်ရှိသူများမှာ နိုင်ငံသားတိုင်းဖြစ်ပြီး နိုင်ငံသားတိုင်းသည် ဒီ့တာဝန်အရေးသုံးပါး၏ အသက်တမျှအရေးကြီးပုံ သမိုင်းအနှစ်သာရကိုလည်း ကောင်းစွာနားလည်တတ်ရန် လိုပါသည်။

နိုင်ငံတစ်နိုင်ငံ လျှောက်လှမ်းရမည့် ခရီးပန်းတိုင်ကို ညွှန်ပြပေးသည့်အရာသည် ဖွဲ့စည်းပုံအခြေခံဥပဒေဟူသော Mother Law ပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)သည်ပင်လျှင် ဒီ့တာဝန်အရေးသုံးပါးကို အခြေခံမူအဖြစ် ချမှတ်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ၎င်းဥပဒေတွင် ဒီမိုကရေစီအနှစ်သာရများ၊ ဖက်ဒရယ်စနစ်များ၊ နိုင်ငံရေး၏ Road Mapများစသည့် အစိုးရစနစ်၊ နိုင်ငံရေးစနစ်၊ အာဏာသုံးရပ်ဖြန့်ခွဲထားရှိမှုစနစ်၊ နိုင်ငံတော်တွင် အန္တရာယ်တစ်စုံတစ်ရာကျရောက်လာပါက အရေးပေါ်ကာလပြဋ္ဌာန်းချက်ဆိုသည့် စသော ဥပဒေများကို တွေ့မြင်ရမည်ဖြစ်သည်။ တစ်ဆက်တည်းတွင်လည်း ပုဒ်မ-၃၈၅တွင် " နိုင်ငံ တော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်" ဆိုသည့် အချက်ကိုလည်းကောင်း၊ ပုဒ်မ-၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်တာဝန်ရှိသည်" ဟူ၍လည်း တွေ့မြင်ရမည်ဖြစ်သည်။ ခြုံငုံလေ့လာကြည့်လျှင် ဒီမိုကရေစီစနစ်ကျင့်သုံးသည့် ကမ္ဘာ့နိုင်ငံများတွင် ပြည်သူ့စစ်မှုထမ်းစနစ် ပါဝင်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရမည်သာဖြစ်သည်။

ဖြစ်ပေါ်လာသည့် မျက်မှောက်အခြေအနေများအရ နိုင်ငံတော်၏ ကာကွယ်ရေးအင်အား ပိုမို ခိုင်မာတောင့်တင်းစေရန်အတွက် ၂၀၁၀ ပြည့်နှစ်တွင် ရေးဆွဲခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အာဏာတည်စေခဲ့ပြီး ၎င်းဥပဒေနှင့်အညီ ပြည်သူ့စစ်မှုထမ်းဆောင်စေခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁) မှ အမှတ်စဉ် (၄) ထိ နိုင်ငံ့သားကောင်းများသည် သင်တန်းများဆင်းပြီး လက်တွေ့နယ်ပယ်တွင် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို လက်တွေ့ကျကျ ထမ်းဆောင်နေကြပြီဖြစ်သည်။

**"နိုင်ငံတော်ကို ကာကွယ်ဖို့ နိုင်ငံကလိုအပ်လာတဲ့အခါ ကျွန်တော့်ဘက်က အသင့်ဖြစ်အောင် ဒီသင်တန်းလာတက်တာပါ"** ၊ **"စစ်ပညာရပ်တွေနဲ့ နိုင်ငံတော်၊ လူမျိုး၊ ရပ်ရွာ၊ မိသားစုတွေကို ကာကွယ်စောင့်ရှောက်နိုင်မယ်"၊ "အများနဲ့ လုပ်ဆောင်တတ်မှု အကျိုးကျေးဇူးတွေ၊ ကိုယ်ချင်းစာတရားတွေ သိလာရတယ်"** အဆိုပါ စကားလုံးများသည် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၄)မှ သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းတချို့၏ ရင်တွင်းစကားလုံးများပင် ဖြစ်သည်။ **"နှစ်နှစ်တာဝန်ပြီးဆုံးရင်လည်း တပ်မတော်က လိုအပ်လာရင် နိုင်ငံနဲ့လူမျိုးအတွက် အချိန်မရွေး အသက်စွန့်ပြီး ကာကွယ်စောင့်ရှောက်ဖို့ စဉ်းစားထားပါတယ်"၊ "ပြည်သူ့စစ်မှုထမ်းကို ဦးနှောက်ထဲမထားပါနဲ့၊ စစ်သားကောင်းတစ်ယောက်ဖြစ်ဖို့ပဲ ကြိုးစား စေချင်ပါတယ်"** အဆိုပါစကားလုံးများသည်ကား ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁)မှ သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းတချို့၏ ရင်တွင်းစကားသံများ ပင်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းစနစ် အကောင်အထည်ဖော်ပြီးသည့်အချိန်တွင် နိုင်ငံ့သူနိုင်ငံ့သားများအတွင်း နိုင်ငံနှင့် လူမျိုးအကျိုးဟူသည့် အများအကျိုးကို ဆောင်ရွက်တတ်သည့် စိတ်ဓာတ်များ၊ အချင်းချင်း ကိုယ်ချင်းစာတရားများ၊ စစ်သားကောင်းစိတ်ဓာတ်များ စသောနိုင်ငံသားတိုင်းတွင် ရှိသင့်သည့် ကောင်းမွန်သည့်စိတ်ဓာတ်များ အထိုက်အလျောက် စီးဆင်းသွားကြပြီဟု စာရေးသူယူဆမိသည်။ သည်နေရာတွင် ပြည်သူ့စစ်မှုထမ်းများအားလုံးကို အဓိကပြောကြားလိုသည်မှာ ပြည်သူ့စစ်မှုထမ်းနှင့် အမြဲတမ်းတပ်ဖွဲ့ဝင်ဆိုသည်မှာ အမည်နာမသာ ကွဲပြားသွားသည်။ ဆုံမှတ်တစ်ခု၏ ဦးတည်ချက်သည် စစ်သားကောင်းစိတ်ဓာတ် ရှိရေးသာဖြစ်သည်။ စစ်သားကောင်းတစ်ယောက် ဖြစ်မှသာလျှင် နိုင်ငံတော်နှင့် ပြည်သူအတွက် အမှန်တကယ် အားကိုးယုံကြည်ရသော စစ်သည်တော်ကောင်းတစ်ဦးဖြစ်လာမည်သာဖြစ်သည်။ တစ်ပါတည်းပင် တပ်မတော်သားများသည်လည်း အချိန်တန်တာဝန်ပြီးဆုံး၍ အိမ်ပြန်သွားကြမည့် ပြည်သူ့စစ်မှုထမ်းများနှင့်လည်း သတင်းစကားပါးတတ်ဖို့ လိုအပ်သည်။

တပ်မတော်၏ အစဉ်အလာကောင်းများ၊ စည်းကမ်းစနစ်များ၊ တပ်မတော်၏ စွန့်လွှတ်စွန့်စားစိတ်များစသည့် ဂုဏ်အင်္ဂါရပ်များကို သူတို့နှင့်သတင်းစကားပါးပေးရမည်ဖြစ်သည်။ ပြည်သူထဲက ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်၍ ပြည်သူနှင့် တပ်မတော်တွင် ကြားလေသွေး၍ အေးလို့မရကြောင်း အစဉ်သတိပြုရမည်။ ပြည်သူ၏အားသည် တပ်မတော်ဖြစ်ပြီး တပ်မတော်၏အားသည် ပြည်သူဖြစ်သည်ဆိုသည့် ပတ်သက်ဆက်နွှယ်မှုကို နက်နက်ရှိုင်းရှိုင်း နားလည်ထားကြရမည်။ အင်အားတစ်ရပ် (Power) တည်ဆောက်ပုံကို ဆိုလိုခြင်းဖြစ်သည်။ ပြည်သူနှင့်တပ်မတော်ကြားတွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားအမျိုးမျိုးက ရှေးယခင်ကပင် သွေးကွဲအောင် အစဉ်တစိုက် ပြုလုပ်ခဲ့ကြသည်။ အမိ နိုင်ငံတော်၏ အဓိကသော့ချက်သည် ပြည်သူနှင့် တပ်မတော်သာဖြစ်သည်။ ထိုအချက်ကို ပြည်ပနိုင်ငံတချို့နှင့် ပြည်တွင်းလောက်ကောင်များက ပစ်မှတ်ထားကာ တိုက်ခိုက်ကြခြင်းဖြစ်သည်။ ၎င်းတို့ ရည်မှန်းချက်ကား အမိမြန်မာနိုင်ငံတော် အလုံးစုံပျက်သုဉ်းရေးအတွက်သာဖြစ်သည်။ ထိုအချက်ကို တပ်မတော်သားများ၊ ပြည်သူ့စစ်မှုထမ်းများသာမက နိုင်ငံသားတိုင်း မမိုတ်မသုန် သိရှိနားလည်ထားရမည်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်သွေး၊ ကိုယ့်သားစိတ်ဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်နိမိတ်ကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဟု လေးလေးနက်နက် တိုက်တွန်းလိုသည်။

**❖ ပြည်သူနှင့်တပ်မတော်ကြားတွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားအမျိုးမျိုးက ရှေးယခင်ကပင် သွေးကွဲအောင် အစဉ်တစိုက် ပြုလုပ်ခဲ့ကြသည်။ အမိနိုင်ငံတော်၏ အဓိကသော့ချက်သည် ပြည်သူနှင့်တပ်မတော်သာဖြစ်သည်။ ထိုအချက်ကို ပြည်ပနိုင်ငံတချို့နှင့် ပြည်တွင်းလောက်ကောင်များက ပစ်မှတ်ထားကာတိုက်ခိုက်ကြခြင်းဖြစ်သည်။ ၎င်းတို့ ရည်မှန်းချက်ကား အမိမြန်မာနိုင်ငံတော် အလုံးစုံပျက်သုဉ်းရေးအတွက်သာဖြစ်သည်။ ထိုအချက်ကို တပ်မတော်သားများ၊ ပြည်သူ့စစ်မှုထမ်းများသာမက နိုင်ငံသားတိုင်း မမိုတ်မသုန် သိရှိနားလည်ထားရမည်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်သွေး၊ ကိုယ့်သားစိတ်ဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်နိမိတ်ကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ ❖**

ယနေ့ကမ္ဘာ့အခင်းအကျင်းများကို လေ့လာကြည့်ပါက ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့ကား ငြိမ်းချမ်းရေးကိုရှာဖွေနေခြင်းမဟုတ်ပေ။ စစ်ပွဲတစ်ပွဲဆင်နွှဲရန်အတွက် သူ့မြေမဟုတ်သည့် အခြားနိုင်ငံနယ်နိမိတ်များကို အသုံးချရှာဖွေနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ယနေ့ ယူကရိန်း-ရုရှားပဋိပက္ခ၊ အစ္စရေး- အီရန်၊ အစ္စရေး-ပါလက်စတိုင်း တို့၏ ပဋိပက္ခများသည် သင်ခန်းစာယူဖွယ်ရာ ပကတိဖြစ်စဉ်များပင်ဖြစ်သည်။ ထို့အတူ ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့၏ စစ်မီးမွေးပုံကား အာရှနိုင်ငံများအတွင်း ထိပါကူးစက်စေရန်ရည်ရွယ်လုပ်ဆောင်နေကြသည်။ စေ့စေ့ကြည့်လျှင် ပြည်တွင်းမငြိမ်မသက်ဖြစ်အောင် လုပ်ဆောင်နေခြင်းသည် ရှေ့ဆုံးမှလာနေသည်။ ဒုတိယအနေဖြင့် အာရှဒေသ၊ အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများမညီမညွတ်ဖြစ်စေရန်လုပ်ဆောင်နေခြင်းကို တွေ့မြင်ရမည်။ နောက်ဆုံးတွင်တော့ စစ်ပွဲများ ဖန်တီးလုပ်ဆောင်ရေးကို တွေ့မြင်ရမည်ဖြစ်သည်။

ကမ္ဘာ့ဇာတ်ခုံပေါ်တွင် Balance of Power ဟူသည့် အင်အားချိန်ခွင်လျှာ ပျက်ယွင်းနေသည်။ ကမ္ဘာ့ရွာကြီးဖွံ့ဖြိုးတိုးတက်စေရေးထက် သူတစ်လူငါတစ်မင်းစိတ်ဓာတ်ဖြင့် သူတို့လမ်းလျှောက်နေကြသည်။ ဗိုလ်ကျစိုးမိုးခြင်း၊ အင်အားပြိုင်ဆိုင်ခြင်းများ၊ ငါနှင့်မတူ ငါ့ရန်သူဟူသည့် ကြံစည်လုပ်ဆောင်နေမှုများ၊ ငါနှင့်တူသော်လည်း ငါကြိုးဆွဲရာကနိုင်ရမည့် Proxy ခေါ် ရုပ်သေးအစိုးရများဖြစ်စေရေး ကြံစည်လုပ်ဆောင်နေမှုများကို အထင်အရှားတွေ့မြင်ရမည်ဖြစ်သည်။ ထိုအခြေအနေအရပ်ရပ်ကို ကာကွယ်နိုင်မည့် အဓိကသော့ချက်သည် ပြည်တွင်းစည်းလုံးညီညွတ်မှု အားကောင်းရေးပင်ဖြစ်သည်။ ပြည်တွင်းစည်းလုံးညီညွတ်မှု အားကောင်းစေရန်အတွက် တပ်မတော်သားများ၊ ပြည်သူ့စစ်မှုထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသားတိုင်းတွင် ကိုယ့်မြေကိုယ့်ရေ ကိုယ့်သွေး ကိုယ့်သားစိတ်ကို ရင်ဝယ်ပိုက်၍ လက်တွေ့ကျကျ ကာကွယ်သွားကြဖို့ အရေးတကြီး လိုအပ်နေပြီဖြစ်သည်။

မိမိပြည်တွင်းရေးအခြေအနေကို လေ့လာကြည့်လျှင်လည်း ၂၀၂၁ ခုနှစ် နိုင်ငံရေးအလှည့်အပြောင်းကိုခုတုံးလုပ်ပြီး ဆူပူအုံကြွမှုမှတစ်ဆင့် လက်နက်ကိုင်လမ်းစဉ်ဆီကို ဦးတည်သွားကြသည့် အခြေအနေများကို မြင်တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ပင်လျှင် NCA ကတိကဝတ်ကိုချိုးဖောက်ကာ PDF အဖွဲ့များကို လက်သပ်မွေးမြှောက်ပေးရင်း ထန်းသီးကြွေခိုက် ကျီးနင်းခိုက်နှင့် မီးလောင်ရာလေပင့် လုပ်ရပ်များကို သစ္စာမဲ့စွာလုပ်ဆောင်ကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အချို့ပြည်ပနိုင်ငံများအလိုကျ မိမိမြေကို စိတ်လိုလက်ရ ဖျက်ဆီးချင်တိုင်း ဖျက်ဆီးနေတော့သည်။ အကျိုးရလဒ်ကား ကမ္ဘာ့မျက်နှာစာတွင် သူများခိုင်းတာလုပ်တတ်သည့် လူမျိုးဖြစ်သည်ဟုသာ သမိုင်းတွင်ရစ်ရုံမှတစ်ပါး အခြားရှိလာမည်မဟုတ်ပေ။ ဒီနေ့ဒီအချိန်တွင် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် ကိုယ့်အမိမြေကို ကိုယ်ပြန်ဖျက်ဆီးနေကြမည့်အစား မိမိမွေးဖွားကြီးပြင်းရာ အမိမြေ၏အကျိုးအတွက် ကိုယ့်မြေကိုယ့်ရေ ကိုယ့်သွေးကိုယ့်သားစိတ်ဖြင့် အရှည်ကိုမြော်တွေးပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့ အချိန်ကျရောက်ပြီဖြစ်ကြောင်း နှိုးဆော်လိုပါသည်။

မည်သို့ပင်ဆိုပါစေ မြစ်၊ ချောင်း၊ ပင်လယ်တို့သဘော တသွင်သွင်စီးဆင်းနေသည့်နည်းတူ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် ပြည်သူ့စစ်မှုထမ်းဟူသော နိုင်ငံ့သားကောင်းများကား အရှိန်အဟုန်မပြတ် မွေးဖွားရှင်သန်လာနေပြီဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် လက်တွေ့ထမ်းဆောင်နေကြပြီဖြစ်သော ပြည်သူ့စစ်မှုထမ်းများပင်ဖြစ်ဖြစ်၊ နောင်လာမည့်ပြည်သူ့စစ်မှုထမ်းများပင်ဖြစ်ဖြစ် ပြည်တွင်းပြည်ပရေးရာများကို မှန်ကန်စွာရှုမြင်ကြဖို့လိုအပ်ပါသည်။ ထိုရှုမြင်ချက်များကို မိမိတို့၏ အမျိုးသားရေးစိတ်ဖြင့် ပေါင်းစပ်ပြီး မိမိတို့မွေးဖွားကြီးပြင်းရာ နိုင်ငံတော်၏ အချုပ်အခြာအာဏာအခွန့်ရှည်တည်တံ့ရေးအတွက် ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်သွေး ကိုယ့်သားစိတ်ဖြင့် ကြိုးစားထမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါတော့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ
မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။










နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့က ရုရှား-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် မြတ်ရောင်ခြည် စိန်နားပန် မီးပုံးပျံလွှတ်တင်မှုကို ကြည့်ရှုအားပေးကြစဉ်။

**ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြပြီး ဆီမီးများကိုအတူတကွ ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး သဒ္ဒါမိပတိခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့က စိန်နားပန်မီးပုံးပျံလွှတ်တင်မှုနှင့်ညမီးကျည်(ညမီးကြီး) မီးပုံးပျံများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရုရှား-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် မြတ်ရောင်ခြည်စိန်နားပန်မီးပုံးပျံလွှတ်တင်မှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါမြတ်ရောင်ခြည်စိန်နားပန်မီးပုံပျံ၏ ကိုယ်ထည်တွင် ကနုတ်ပန်းခက်များ၊ ကြာပန်းခက်များ၊ ကြာပန်းခက်များ၏အပေါ်တွင် မြတ်ရောင်ခြည်စာသားအား အပြာရောင်ဖြင့် ရေးဆွဲထားပြီးမီးပုံးပျံ၏အောက်ဆွဲတွင် ကြာပန်းပုံနှင့် ဘူရားတီးရားစာသားကို မီးပုံးရောင်စုံများဖြင့် လှပစွာချိတ်ဆွဲထားရှိသည်။

မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများနှင့် ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov တို့က သဒ္ဒါမိပတိခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်စဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် ကျောက်စာရုံစေတီများအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက် စည်းကမ်းအကောင်းဆုံးဆု၊ အဖွဲ့လိုက် ချိတ်ဆက်ယှဉ်ပြိုင်မှုအကောင်းဆုံးဆု၊ အဖွဲ့လိုက် ချုပ်ရိုးချုပ်သား အကောင်းဆုံးဆု၊ အဖွဲ့လိုက် ရက်လုပ်ထားသော သင်္ကန်းအထည်သား တည်ဆောက်မှုအကောင်းဆုံးဆု၊ အဖွဲ့လိုက် ရက်ကန်းစင်ကိုင်တွယ်အကောင်းဆုံးဆုတို့ကို ကောင်စီဝင်များက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပဉ္စမဆုရရှိသည့် နေပြည်တော်ကောင်စီ ကိုယ်စားပြုအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးကလည်းကောင်း၊စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ်ကိုယ်စားပြုအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူးက လည်းကောင်း၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးကလည်းကောင်း၊ ဒုတိယဆုရရှိသည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညမီးကျည်(ညမီးကြီး) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့က မီးပုံးပျံများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်စဉ်။

တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ကလည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆု၊စက္ကူပသာဒအကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်အရောင်စုံလင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက်အကောင်းဆုံးဆု၊ အတက်စံချိန်အကောင်းဆုံးဆု၊ မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု၊မှိုင်းခံစံချိန်အကောင်းဆုံးဆု ရရှိကြသည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်းများအား

စာမျက်နှာ ၁၈ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ကြစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ကောင်စီအဖွဲ့ဝင်များက ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ကလည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ညမီးကျည်(ညမီးကြီး) မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆု၊ စက္ကူပသာဒအကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု၊မီးပုံးပျံအတက်အကောင်းဆုံးဆု၊ အတက်စံချိန် အကောင်းဆုံးဆု၊ မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံးဆု၊မှိုင်းခံစံချိန်အကောင်းဆုံးဆု ရရှိကြသည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်းများအား ကောင်စီအဖွဲ့ဝင်များက ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ကလည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်ထိ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရှွေကြာသင်္ကန်းရက်လုပ်ကပ်လှူ ပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနက ဇာတ်တော်ကြီးဖြင့်လည်းကောင်း၊ ဇာတ်မင်းသားဖိုးချစ်အဖွဲ့က ဇာတ်သဘင်ဖျော်ဖြေမှုတို့ကိုလည်း ကောင်းဆောင်ရွက်ခဲ့ပြီး ရဟန်းရှင်လူပြည်သူများကလည်း စည်ကားသိုက်မြိုက်စွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညမီးကျည်(ညမီးကြီး) မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မသိုးရှွေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး မသိုးရှွေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ် ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။




နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူ၍ ကထိန်အလှူတော် မင်္ဂလာဆင်ယင်ခြင်း၊ ဒါနသီလဘာဝနာ ကုသိုလ်ယူဆည်းပူးပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး ဘုရား၊စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

ထိုသို့ မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့) တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာဆင်နွှဲခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးများထွန်းညှိပူဇော်စဉ်။

အလားတူ တန်ဆောင်တိုင်မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမငြီး ဖွယ်ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာဆင်နွှဲခဲ့ကြသည်။

"တန်ဆောင်"မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပြီး "မုန်း"မှာ တောက်ပသည်ဟူသော အနက်ကို ယူ၍ ဝေါဟာရ ပေါင်းစည်းသည့်အခါ

စာမျက်နှာ ၂၀ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးများထွန်းညှိပူဇော်စဉ်။



တန်ဆောင်တိုင်မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ပြုလုပ်ထားပြီး လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



မန္တလေးမြို့ရှိ အောင်တော်မူဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



မွန်ပြည်နယ် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။













တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

"ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများ ထွန်းလင်းနေသည်"ဟု ဆိုလိုသည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပခြင်း၊ မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်းများ ပြုလုပ်ကြရာ အများပြည်သူများစိတ်အေးချမ်းသာစွာဖြင့် လာရောက်ထွန်းညှိပူဇော်ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပုံသကူအလှူပြုကြသူများ၊ ပုံသကူအလှူကောက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်လျက်ရှိသည်ကို တွေ့ရသည်။

အလားတူ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယကို အများပြည်သူများအနေဖြင့် ပျော်ရွှင်ကြည်နူးစွာဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရ ဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Tsydenov Alexey Sambuevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ဒေါက်တာညွန့်ဖေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရ ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov၊ ဘူရားတီးရားပြည်နယ် ဒုတိယအကြီးအကဲ ကျန်းမာရေးဝန်ကြီး Mrs. Ludupova Evgeniia Iurevne နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းစကားပြောကြားရာ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်သည် မိမိတို့နိုင်ငံနှင့် ထူးခြားသောဆက်ဆံရေးရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်လည်ပတ်မှုအတွက် ကြိုဆိုဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌက ယခုကဲ့သို့ သာယာလှပသည့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခွင့်ရသည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူမိပါကြောင်း၊ လာရောက်လည်ပတ်သည့်အချိန်တွင်လည်း မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာလှပမှုများကို များစွာခံစားမိပါကြောင်း၊ မိမိတို့ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလည်ပတ်ချိန်များ၌လည်း မြန်မာနိုင်ငံအစိုးရ တာဝန်ရှိသူများနှင့် မြန်မာပြည်သူများ၏ ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုမှုနှင့် အထူးဧည့်ဝတ်ကျေပွန်မှုများကိုလည်း မြင်တွေ့ရသည့်အတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ရင်းနှီးနွေးထွေးသော ဆက်ဆံရေးရှိသည့် ခံစားမှုများကိုရရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် စပါး၊ ဆီထွက်သီးနှံနှင့် ပဲများကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝမြေဩဇာများ ထုတ်လုပ်နိုင်ရေး စက်ရုံများ တည်ဆောက်လျက်ရှိမှု အခြေအနေများ၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးမှု တိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ မြန်မာနိုင်ငံက ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများဖြင့် သစ်ပါးလွှာနှင့် ပျော့ဖတ်များထုတ်လုပ်နိုင်သည့်အခြေအနေများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ဝါစိုက်ပျိုးမှု တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေးပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် နည်းပညာမြှင့်တင်မှုများ ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် တိုက်ရိုက်လေကြောင်းပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေးကိစ္စရပ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတော်သင်များစေလွှတ်ရေးနှင့် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရ ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ရောက်ရှိနေချိန်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် အထင်ကရနေရာများ၊ ဧရာဝတီတိုင်းဒေသကြီးရှိ ချောင်းသာကမ်းခြေနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ပြီး ဆက်လက်၍လည်း မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရ ဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗုဒ္ဓဘာသာ ဘုရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ





**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော်၌ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပွဲတော်သို့ တက်ရောက်ကြသည်။

ဦးစွာ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့နှင့် တာဝန်ရှိများက ကြိုဆိုနှုတ်ဆက်ကြပြီး သမိုင်းတင်ခေတ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ပုဂံခေတ်ဘုရားစေတီများဖြစ်သည့် အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီး တို့၏ စကေးကိုက်ပုံစံငယ်များ၊ ဆင်းတုတော်များ၊ စဉ့်ပန်းများ၊ ဗိသုကာဆိုင်ရာလက်ရာများ၊ နံရံဆေးရေးပန်းချီများနှင့် သီဟာသနပလ္လင်ပြခန်းတွင် ခင်းကျင်းပြသထားသည့် မြန်မာဘုရင်များ အသုံးပြုခဲ့ကြသည့် သီဟာသနပလ္လင်တော်၊ မင်းခမ်းတော်ပစ္စည်းများနှင့် နန်းတွင်း အသုံးအဆောင်ပစ္စည်းများကို လေ့လာကြည့်ရှုကြ၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့ကို Aureum Palace Hotel ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ရာ ဧည့်ခံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူက ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသည့် ဘုရင်မင်းမြတ်များ၏ သမိုင်းကြောင်း၊ ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ခင်းကျင်းပြသထားမှုတို့ကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော်နှင့် အဖွဲ့သည် ပြခန်းတစ်ခုချင်းအလိုက် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာ၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ညပိုင်းတွင် ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပွဲတော်သို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တန်ဆောင်တိုင်မီးထွန်းပွဲတော်ကာလအတွင်း စက်သုံးဆီများကို လိုအပ်သည့်နေရာတွင် လိုအပ်သလောက် အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ပြီး စက်သုံးဆီဈေးနှုန်းမှာလည်း ယခင်ရက်များထက် ကျဆင်းလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းနှင့် တောင်ကြီးမြို့တို့တွင် ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ များနှင့် နိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် မဟာဘုံကထိန်အလှူတော်နှင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲများသို့ သွားရောက်ကြည်ညိုပူဇော်ကြသည့် ခရီးသွားမော်တော်ယာဉ်များမှာ အဆမတန်များပြားလျက်ရှိပြီး ယင်းမော်တော်ယာဉ်များအတွက် လိုအပ်သော စက်သုံးဆီများကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြိုတင်စီမံ၍ ဖြည့်တင်းထားမှုကြောင့် အများပြည်သူအနေဖြင့် စက်သုံးဆီများကို လိုအပ်သည့်နေရာတွင် လိုအပ်သလောက် အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိပြီး စက်သုံးဆီဈေးနှုန်းအနေဖြင့်လည်း ယခင်ရက်များထက် တစ်လီတာလျှင် ၁၀ ကျပ်မှ ၃၅ ကျပ်အထိကျဆင်းပြီး ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**









# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုဖွယ်ဖူးတွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် တာဝန်ရှိသူများတက်ရောက်၍ မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းကြသည်။

မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ ဒေါက်တာဘရွှေ ဦးရွှေကြိမ်းနှင့် ၎င်းတို့၏ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး " ဗုဒ္ဓံသရဏံဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္ထိဂါထာတော်ကို သံပြိုင်ညီညာသုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို

က ဘုရားဂုဏ်တော်ကိုးပါး ပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍ စုစည်းခြင်းများကို ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြကာ ဥပါသကာများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်လက်ဆက်ကပ်ပူဇော်သည်။ ထိုသို့ဆက်ကပ်ပူဇော်နေချိန်တွင် အခမ်းအနားမှူးက မသိုးရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း မင်္ဂလာစာတမ်းကို ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် ကြကာအခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလအခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်း ဖြစ်ကြောင်း၊ မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ်အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းစဉ်။

ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များ တက်ရောက်လာကြသူများသည်မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ သမ္ဗာဒေဝ နတ်ကောင်းနတ်မြတ်များနှင့် သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုအမှူးပြုသည့် ခုနစ်ရက်သားသမီးများက ယခုနှစ်တွင်လည်း ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပင်လုံမြို့၊ ကျိုင်းတုံမြို့နှင့် မုံရွာမြို့တို့၌ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲများ ပြုလုပ်



သံဃာတော်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများလောင်းလှူစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့်တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲများကို ကျင်းပလျက်ရှိသည်။

ထိုသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ မွေတော်ဟိုနား ပဒုမ္မာစာသင်တိုက်၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီး၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ရာပြည့်ကပ်ကျော်မင်္ဂလာ စေတီတော်ကြီး၌လည်းကောင်း အသီးသီးကျင်းပကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆပ်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီး၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော် ကပ်လှူပွဲကျင်းပပြုလုပ်



မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော် မြတ်ကြီးအား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းတော် လွှမ်းခြုံကပ်လှူ ပူဇော်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် မြတ်ကြီးအား (၃၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော်ရက်လုပ်လှူဒါန်းပူဇော် ကပ်လှူပွဲကို ယနေ့နံနက်ပိုင်းတွင် မဟာ မုနိရုပ်ရှင်တော်မြတ်ကြီး ရင်ပြင်တော်ရှိ မိုးကောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ် တောင်ပြင်ထီးလင်းတိုက် သဲကုန်း ကျောင်းဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥက္ကဋ္ဌ (ရေတော်ဆရာတော်) အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရက်ကန်းပညာရှင်များ၊ စက်ချုပ်ပညာရှင်များ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ ဘုရားဖူး ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ရေတော်ဆရာတော်နှင့် မဟာ မုနိဝေယျာဝစ္စအဖွဲ့တို့က မဟာမုနိရုပ်ရှင် တော်မြတ်ကြီးအား အမွှေးနံ့သာရည်များ ဖြင့် မျက်နှာသစ်တော်ရေသပ္ပာယ်ကာ ရောင်တော်ဖွင့်၍ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ပန်း၊ရေချမ်းများကို ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် မဟာမုနိရုပ်ရှင်တော်မြတ် ကြီးအား ကပ်လှူပူဇော်ရန်နေ့ချင်းပြီး ရက်လုပ်ထားသော တဘက်တော်နှင့် မသိုးမြတ်သင်္ကန်းတော်များကို တိုင်းမှူး နှင့် တာဝန်ရှိသူတို့ထံ ပေးအပ်သည်။ ထို့နောက် တဘက်တော်၊ သင်းပိုင် သင်္ကန်းတော်၊ကေသီသင်္ကန်းတော်တို့ကို ရေတော်ဆရာတော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင် များက ကိုင်ဆောင်ကာ မဟာမုနိရုပ်ရှင် တော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မသိုးမြတ်သင်္ကန်း တော်ကို လွှမ်းခြုံကပ်လှူပူဇော် ကြသည်။

ယင်းနောက် မဟာမုနိရုပ်ရှင်တော် မြတ်ကြီးအား (၃၅)ကြိမ်မြောက် မသိုး မြတ်သင်္ကန်းတော်ရက်လုပ်လှူဒါန်းပူဇော် ပွဲတွင် လုပ်အားဒါနအဖြစ် ပါဝင်ဆောင်ရွက် ခဲ့ကြသည့် ရက်ကန်းပညာရှင်အဖွဲ့၊စက်ချုပ် ပညာရှင်အဖွဲ့နှင့်ဗုဒ္ဓဝေယျာဝစ္စအဖွဲ့များ ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြ ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောင်ကြီးမြို့နှင့် ကျိုင်းတုံမြို့တို့၌ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာပွဲများ ကျင်းပပြုလုပ်



ရှမ်းပြည်နယ်အစိုးရအဖွဲ့ က ကြီးမှူးကျင်းပသည့် (၇၄)ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန် လှူဒါန်းပွဲကျင်းပစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ သီလဓမ္မကုန်းသာတောရ(ဝစီပိတ်)ကျောင်းတိုက်၌ စုပေါင်း မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့ အတုလမာရဇိန်ဆုတောင်းပြည့် မြို့လယ်ဓမ္မာရုံ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ က ကြီးမှူးကျင်းပသည့် (၇၄)ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန် လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက် ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ ကံသာရပ်ကွက် စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီး ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂ ဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက် တည်ကြပြီး သံဃာတော်များရွတ်ပွား ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။

ၚင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ် သံဃနာယကဥက္ကဋ္ဌ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီး ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ ကထိန်အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချအမျှပေးဝေကာ သံဃာတော် များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း ကြသည်။

ယနေ့ပြုလုပ်သော ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် စုပေါင်း မဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများ နှင့် နဝကမ္မအလှူငွေ စုစုပေါင်းငွေကျပ် သိန်း ၁၄၀၀ ကျော်တန်ဖိုးရှိ ပဒေသာပင် ၉၉ ခုကို ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပြီး အဆိုပါပဒေသာပင်များကို သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိ ရသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ သီလဓမ္မကုန်းသာတောရ (ဝစီပိတ်)ကျောင်းတိုက်၌ စုပေါင်းမဟာ ဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင်ပြုလုပ်ရာ ကျိုင်းတုံမြို့ ကောင်းမှူးခမ်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇေယျအမှူးပြုသော သံဃာတော် များ ကြွရောက်တော်မူကြပြီး တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကထိန်အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက ကျိုင်းတုံမြို့ သာသနာ့ ဝေပုလ္လပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇယထံမှ ငါးပါး သီလခံယူဆောက်တည်ကြပြီး သံဃာတော် များရွတ်ပွားချီးမြှင့်တော်မူသော ပရိတ် တရားတော်များကို နာယူကြည်ညို ကြသည်။

ထို့နောက် တိုင်းမှူးနှင့်အလှူရှင်များက သံဃာတော်များအား ကထိန်လျာသင်္ကန်း နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး ကထိန်အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်း ရရှိသည်။ (၅၀၁)

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## ၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ လှည်းကူးမြို့နယ်ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်ဒေသခံပြည်သူများကို ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက်တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

☆ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

☆ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွေ့ဆိုင်းခွင့်ရသူများ

**ရွေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်ကို သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးနှင့် လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိ





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်ကို သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးနှင့် လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေးရှိ First Rate Mobile ဖုန်းဆိုင်သို့ အမျိုးသားလေးဦး(စိစစ်ဆဲ)က သေနတ်များကိုင်ဆောင်ဝင်ရောက်လာပြီး ဆိုင်ဝန်ထမ်းတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ ဆိုင်အတွင်းရှိ iPhone အမျိုးအစား လက်ကိုင်ဖုန်းအလုံး ၂၀၊ တန်ဖိုးငွေကျပ် ၁၁၂၁ သိန်းခန့်ကို လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ကာ တရားခံများ ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုကျူးလွန်သူ တရားခံများ ခိုအောင်းရောက်ရှိနေထိုင်လျက်ရှိသည့် အငှားနေအိမ်လိုင်းခန်းသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ တရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန် ကြိုးစားသဖြင့် ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ ဖန်လီ ၃၄ နှစ် (ဘ) ဦးဖန်ကျင်းလျှမ်ပါ အမျိုးသား လေးဦးကို လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် လေးလက်နှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ် တစ်စီး၊ လုယက်မှုကျူးလွန်ရာမှရရှိသည့် လက်ကိုင်ဖုန်း ၁၂ လုံးတို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း နိုဝင်ဘာ ၁၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ သတင်းထုတ်ပြန်ပြီးဖြစ်သည်။

အမှုမှ လူသတ်လုယက်မှုကျူးလွန်စဉ် တရားခံများအသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးကို သိမ်းဆည်းရမိနိုင်ရေး နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ ဒေါ်တွမ်ရွှေရှန်း (စိစစ်ဆဲ)ပိုင်ဆိုင်သည့် အိမ်အမှတ် (ပလ-၂/၆၆၂)ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်၌ လူနေထိုင်ခြင်းမရှိဘဲ ဧည့်ခန်းအတွင်းမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SHN/10109 Wave-110 ဆိုင်ကယ်နှင့် SHN/10543 Wave-110 ဆိုင်ကယ် နှစ်စီးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး နေအိမ်ကို အသေးစိတ်စစ်ဆေးရှာဖွေခဲ့ရာ အိပ်ခန်းအတွင်းရှိ အိမ်သာမျက်နှာကြက်ပေါ်မှ အမေရိကန်နိုင်ငံထုတ် M-4 Carbine CAL 5.56 MM အမျိုးအစား သေနတ် လေးလက်၊ ၎င်းကျည် အတောင့် ၁၃၀၊ ကျည်အိမ် နှစ်ခု၊ ချက်နိုင်ငံထုတ် CZECH REPUBLIC 9MM CZ အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည် ၁၇ တောင့်၊ ကျည်အိမ် တစ်ခု၊ AK-47 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည် ၇၈ တောင့်၊ ကျည်အိမ် သုံးခု၊ လက်ထိပ် သုံးကွင်း၊ ပြောက်ကျား အစိမ်းရောင် ယူနီဖောင်း သုံးစုံ၊ ပြောက်ကျား ဦးထုပ်ဝိုင်း ငါးလုံး၊ အစိမ်းရောင်လည်တိုဖိနပ် နှစ်ရန်၊ ပြောက်ကျားအစိမ်းရောင် မိုးကာ ငါးထည်၊ အနက်ရောင်ခေါင်းစွပ် နှစ်ခု၊ သေနတ်တိုက်တံ နှစ်ချောင်း၊ သေနတ်တိုက်ဆီ လေးဘူးတို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပခုက္ကူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံအမျိုးသမီး သုံးဦးကို သတ်ဖြတ်၍ နေအိမ် ၂၀၀ နီးပါးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းမှားများ ဖြန့်ဝေ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် နှောကုန်းကျေးရွာတွင် နိုဝင်ဘာ ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း ဝင်ရောက်၍ နေအိမ် ၂၀၀ နီးပါးခန့်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ဒေသခံအမျိုးသမီး သုံးဦးကို သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ RFA Burmese က သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ်အတွင်း နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ၎င်းရက်တွင် အဆိုပါကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် အဆိုပါသတင်းမှာလည်း သတင်းမှားသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ကျေးရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏လုပ်ရပ်များကိုဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်စွပ်စွဲရေးသားကာ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thitsar Nway Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၃) ရပ်ကွက်နေ တင့်လွင်အား ည ၉ နာရီ မိနစ် ၂၀ တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နယူးဒေလီမြို့တွင် အဆိပ်သင့်မီးခိုးမြူညစ်ညမ်းမှုကြောင့် စာသင်ကျောင်းများပိတ်ထားရ



နယူးဒေလီ နိုဝင်ဘာ ၁၅

အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမြို့တွင် အဆိပ်သင့်မီးခိုးမြူညစ်ညမ်းမှုကြောင့် နိုဝင်ဘာ ၁၄ ရက်မှစ၍ စာသင်ကျောင်းများကို ပိတ်ထားရကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိပ်သင့် မီးခိုးမြူညစ်ညမ်းမှုကြောင့် နယူးဒေလီမြို့တွင်ရှိ စာသင်ကျောင်းများအပြင် မြို့လယ်ကောင်မှ ကီလိုမီတာ ၂၂၀ အကွာရှိ တာ့ဂျ်မဟာဘုရားကျောင်းကိုလည်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

"လေထုညစ်ညမ်းမှုအဆင့်မြင့်တက်လာတာကြောင့် နယူးဒေလီမှာရှိတဲ့ စာသင်ကျောင်းတွေအားလုံး နောက်ထပ်ညွှန်ကြားချက်မရသေးမီထိ အွန်လိုင်းကနေ သင်ကြားသွားကြရမှာပါ"ဟု ဝန်ကြီးချုပ် Atishi က ပြောကြားခဲ့သည်။

ပြည်နယ်အာဏာပိုင်များက မြို့တွင်းတွင် အဆိပ်သင့်သော မီးခိုးမြူများ ဖုံးလွှမ်းနေသောကြောင့် အိမ်တွင်းမှာသာနေထိုင်ကြရန် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးယာဉ်များကိုသာ ပိုမိုအသုံးပြုရန်နှင့် ချက်ပြုတ်ရာတွင် ကျောက်မီးသွေးနှင့် ထင်းများကို ရှောင်ကြဉ်ကြရန် ပြည်သူများကို ပန်ကြားထားသည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ လေထုအရည်အသွေးသည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ဆိုးရွားလာခဲ့ကာ အဆိပ်ပါမီးခိုးမြူများသည် အဆုတ်မှတစ်ဆင့် သွေးကြောအတွင်းသို့ ဝင်ရောက်ကာ ကင်ဆာဖြစ်စေနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အူဆာဂီတိုင်ဖွန်းမုန်တိုင်း ဖိလစ်ပိုင်နိုင်ငံမြောက်ဘက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အားပျော့သွားခဲ့

မနီလာ နိုဝင်ဘာ ၁၅

အူဆာဂီဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ မြောက်ဘက်ပိုင်းသို့ နိုဝင်ဘာ ၁၄ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ယနေ့တွင် အားပျော့သွားခဲ့ကြောင်း ဖိလစ်ပိုင်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အူဆာဂီတိုင်ဖွန်းမုန်တိုင်းသည် ကာဂါယန်စီရင်စုသို့ ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ယနေ့တွင် မုန်တိုင်း အားပျော့သွားခဲ့ပြီဖြစ်သော်လည်း မိုးသည်းထန်စွာ ရွာသွန်းနေပြီး ကုန်းနိမ့်ပိုင်းတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ကြောင်း ဖိလစ်ပိုင်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ဖိလစ်ပိုင်နိုင်ငံ မြောက်ဘက်ပိုင်းဒေသတွေကို အူဆာဂီတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းဟာ ကာဂါယန်စီရင်စုကို ဗဟိုပြုတိုက်ခတ်ခဲ့ပြီး ဒီနေ့မှာတော့ မုန်တိုင်းအားပျော့သွားခဲ့ပါတယ်။ မုန်တိုင်းကြောင့် ကာဂါယန်စီရင်စု ဆန်တာအန်နာနယ်မြေမှာရှိတဲ့ ဘက်ဂ်ါအိုဒေသမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မုန်တိုင်းဟာ တရုတ်(တိုင်ပေ)ဘက်ကို ဦးတည်တိုက်ခတ်နေပါတယ်"ဟု ဖိလစ်ပိုင်မိုးလေဝသအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံမြောက်ဘက်ပိုင်းတွင် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ များပြားပြီး ရွှေ့ပြောင်းခဲ့ရသည့် အရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း ကာဂါယန်စီရင်စု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# Imperial Oil ကုမ္ပဏီကို ရေနံယိုဖိတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အွန်တာရီယိုပြည်နယ်တရားရုံးက ကန်ဒေါ်လာ ၆၄၁၃၉၁ ဒေါ်လာဒဏ်ရိုက်ခဲ့

အော့တဝါ နိုဝင်ဘာ ၁၅

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် အခြေစိုက်သည့် Imperial Oil ရေနံကုမ္ပဏီကို ရေနံယိုဖိတ်မှုနှင့်ပတ်သက်၍ နိုဝင်ဘာ ၁၄ ရက်တွင် အွန်တာရီယိုပြည်နယ်တရားရုံးက စီရင်ချက်ချမှတ်ခဲ့ရာ ဒဏ်ကြေငွေအဖြစ် အမေရိကန်ဒေါ်လာ ၆၄၁၃၉၁ ဒေါ်လာ ဒဏ်ရိုက်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Imperial Oil ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေသည့် အွန်တာရီယိုပြည်နယ် ဆာနီယာမြို့အနီးရှိ ရေနံလုပ်ကွက်မှ ကမ်းခြေတစ်လျှောက် ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပြီး ၎င်းဖြစ်စဉ်သည် ၂၀၂၁ ခုနှစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအမှုကို အွန်တာရီယိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး လိုအပ်သောစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် သက်သေခိုင်လုံ၍ ယခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် အွန်တာရီယိုပြည်နယ်တရားရုံးက စီရင်ချက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ Imperial Oil ကုမ္ပဏီမှ တာဝန်ရှိသူများ၏ပေါ့ဆမှုကြောင့် ကမ်းခြေတစ်လျှောက် ရေနံလီတာ ပေါင်း ၁၁၅၀ ထိ ယိုဖိတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအက်ဥပဒေဖြင့် အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



"၂၀၂၁ ခုနှစ် မေလက ဖြစ်ပွားခဲ့တဲ့ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ကုမ္ပဏီက အဓိကတာဝန်ရှိပါတယ်။ ဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ နောင်တရမိပါတယ်။ တရားရုံးက ချမှတ်တဲ့ ပြစ်ဒဏ်ကိုလဲ ကြည်ဖြူစွာနဲ့ လက်ခံပါတယ်။ နောက်နောင်ဒီလိုဖြစ်စဉ်မဖြစ်အောင် အထူးဂရုစိုက်သွားပါ့မယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး လိုအပ်တဲ့စစ်ဆေးမှုတွေပြုလုပ်ခဲ့ရာမှာလဲ အသုံးပြုတဲ့ပစ္စည်းတချို့ရဲ့ အားနည်းချက်ကြောင့်ဖြစ်တာကို တွေ့ရပါတယ်"ဟု Imperial Oil ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်မျိုးရိုးဗီဇထိန်းသိမ်းသူများ၏ ဆောင်ရွက်မှုဖြင့် မျိုးသုဉ်းသွားသော ဒိုဒိုငှက်ကို သားဖောက်နိုင်ခဲ့

ဝါရှင်တန် နိုဝင်ဘာ ၁၅

အမေရိကန်မျိုးရိုးဗီဇထိန်းသိမ်းသူများ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် မျိုးသုဉ်းသွားသော ဒိုဒိုငှက်ကို သားဖောက်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဒိုဒိုငှက်သည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မောရစ်ရှနိုင်ငံ၏ ကျွန်းများတွင် နေထိုင်ကျက်စားသော မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သည့် မပျံသန်းနိုင်သော ငှက်မျိုးစိတ်ဖြစ်ကြောင်း၊ ရှာဖွေတွေ့ရှိထားသော ကျောက်ဖြစ်ရုပ်ကြွင်းများအရ ဒိုဒိုငှက်သည် သုံးပေ သုံးလက်မရှည်ပြီး အလေးချိန်မှာ ၂၃ ပေါင်မှ ၃၉ ပေါင်ခန့်ရှိကြောင်း၊ ဒိုဒိုငှက်သည် သင်္ဘောသားများ၊ အခြားကျူးကျော်မျိုးစိတ်များ၏ အမဲလိုက်ခြင်းခံခဲ့ရကာ ကျက်စားမြေများလည်း ဖျက်ဆီးခံခဲ့ရပြီးနောက် အဆိုပါငှက်များသည် ၁၆၈၁ ခုနှစ်တွင် လုံးဝမျိုးသုဉ်းသွားခဲ့ကြောင်း သိရသည်။

ယခုအခါ အမေရိကန်အခြေစိုက် ဇီဝနည်းပညာနှင့် မျိုးရိုးဗီဇအင်ဂျင်နီယာကုမ္ပဏီ Colossal Biosciences က မျိုးရိုးဗီဇထိန်းသိမ်းသူများ၏ ကြိုးပမ်းမှုဖြင့် မျိုးသုဉ်းသွားသော ဒိုဒိုငှက်ကို သားဖောက်နိုင်ခဲ့ကာ မူလဇာတိနေထိုင်ရာ မောရစ်ရှတွင် ပြန်လည်နေထိုင် ကျက်စားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

Colossal Biosciences သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလကစပြီး ဒိုဒိုငှက်များ ပြန်လည်ရှင်သန်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် Colossal ကုမ္ပဏီသည် တောရိုင်းတိရစ္ဆာန်ဖောင်ဒေးရှင်းတစ်ခုနှင့်ပူးပေါင်း၍ သားဖောက်ထားသည့် ဒိုဒိုငှက်များအတွက်စားကျက်မြေများဖော်ဆောင်ပေးရန် စီစဉ်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# COP29 ညီလာခံတွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီပံ့ပိုးပေးရေး ရန်ပုံငွေတိုးမြှင့်ရန် ဆွေးနွေး

ဘာကူ နိုဝင်ဘာ ၁၅

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် နိုဝင်ဘာ ၁၁ ရက်မှစ၍ကျင်းပပြုလုပ်နေသည့် COP29 ညီလာခံတွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကဏ္ဍ၌ ပူးပေါင်းပါဝင်မည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ငွေကြေးပံ့ပိုးပေးမည့် အစီအစဉ်နှင့်ပတ်သက်ပြီး ရန်ပုံငွေကို တိုးမြှင့်သွားနိုင်ရေးအတွက် အဓိကထားဆွေးနွေးနေကြောင်း COP29 ညီလာခံ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည့် အဇာဘိုင်ဂျန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဘာဘာယက်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရန်ပုံငွေတိုးမြှင့်ကောက်ခံကာ ဖွံ့ဖြိုးဆဲနိုင်ငံများကို ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး စီမံကိန်းများအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာတစ်ထရီလီယံထိ ပံ့ပိုးပေးနိုင်ရန် ရည်မှန်းထားကြောင်း၊ ကမ္ဘာ့နိုင်ငံအများစုသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ဦးဆောင် အကောင်အထည်ဖော်နေသည့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် ဆန္ဒရှိနေသော်လည်း ဘဏ္ဍာရေးအခက်အခဲများရှိနေရာ မျှော်မှန်းသလောက်ဖြစ်မလာသည့်အတွက် ဘဏ္ဍာရေး ကျပ်တည်းနေသော ဖွံ့ဖြိုးဆဲနိုင်ငံများကို ဘဏ္ဍာရေးကူညီပေးပါက ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ဘာဘာယက်က ပြောကြားခဲ့သည်။

"COPညီလာခံတိုင်းမှာ အဓိကထားဆောင်ရွက်သွားမဲ့အကြောင်းရင်းကို ဦးတည်ပြီး ဆွေးနွေးလေ့ရှိပါတယ်။ COP29 မှာတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး ရန်ပုံငွေပံ့ပိုးပေးမှု တိုးမြှင့်ပေးသွားဖို့ အဓိက ဆွေးနွေးနေပါတယ်"ဟု အဇာဘိုင်ဂျန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဘာဘာယက်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# တနင်္ဂနွေနေ့ညကစားမဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲမှာ ကစားသမားစုဖွဲ့မှုကောင်းတဲ့ ဂရိအသင်း၊ သြစတြီးယားအသင်း၊ အီတလီအသင်းတို့ကို အားပေးရမှာပါ

ML



တနင်္ဂနွေနေ့ညမှာတော့ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်တွေ ကစားမှာဖြစ်လို့ အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်တွေကို အားပေးရအုံးမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ လိဂ်(A) ကနေ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်တာကတော့ ဂျာမနီတစ်သင်းသာရှိပြီး ကျန်အသင်းတွေကတော့ နောက်ဆုံးပွဲစဉ်ထိ ရေကုန်ရေခန်းကစားရမှာကို တွေ့ရမှာပါ။ အခုကာလဟာ ကစားသမားအများစု ဒဏ်ရာရပွဲပန်းမှုတွေရှိလာတာကြောင့် အချို့အသင်းတွေမှာဆို အဓိက ကစားသမားတွေ အနားပေးခဲ့ရတဲ့အခြေအနေဖြစ်လို့ လာမဲ့ပွဲစဉ်တွေမှာ ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေကိုပဲ အားပေးရမှာပါ။

## ဂရိအသင်းရလဒ်ကောင်းမှာပါ

ယူအီးအက်ဖ်အေနေးရှင်းလိဂ်(B) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖင်လန်အသင်းနဲ့ ဂရိအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖင်လန်အသင်းဟာ အခုအုပ်စုမှာ ခြေစွမ်းပိုင်းအားအနည်းဆုံးဖြစ်နေပြီး လေးပွဲကစားအပြီးမှာ နိုင်ပွဲမရသေးတာကြောင့် ဇယားအောက်ဆုံးမှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ ဖင်လန်အသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ထိပ်တန်းအဆင့် ကစားသမားကောင်းပေါ်ထွက်လာခြင်းမရှိတာကြောင့် အဆုံးအဖြတ်ပွဲတွေမှာ နိုင်ပွဲရဖို့ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာ ဥရောပကလပ်အသင်းငယ်တွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့သာ စုဖွဲ့ထားတာကြောင့် အင်္ဂလန်၊ အိုင်ယာလန်နဲ့ ဂရိလိုအသင်းတွေနဲ့ယှဉ်ရင် အားနည်းနေတာဖြစ်ပါတယ်။ ပထမအကျော့မှာတော့ ဂရိအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ပေမဲ့ ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ်သာပြုလုပ်နိုင်ခဲ့ပြီး သုံးဂိုးပြတ်နဲ့ရှုံးခဲ့တာကြောင့် အခုပွဲမှာလဲ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဂရိအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မဖြစ်နိုင်ပါဘူး။

ဂရိအသင်းဟာ အခုအုပ်စုမှာ အင်္ဂလန်လိုအသင်းကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ဦးဆောင်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲမှာ ဖင်လန်ကို သုံးဂိုးဂိုးမရှိ၊ အိုင်ယာလန်ကို နှစ်ဂိုးဂိုးမရှိ၊ အင်္ဂလန်ကို နှစ်ဂိုးတစ်ဂိုး၊ နောက်ဆုံးပွဲ ဒုတိယအကျော့မှာ အိုင်ယာလန်ကို နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့လို့ အခုပွဲကို အနိုင်ရမယ်ဆိုရင် လိဂ်(A) ကို တန်းတက်ခွင့်ရမှာသေချာပါတယ်။ ဂရိအသင်းဟာ ယခင်ကတည်းက အသင်းလိုက်ကစားပုံမာကျောပြီး ခံစစ်အားပြုတဲ့ အသင်းဖြစ်ပေမဲ့ လက်ရှိမှာတော့ တီဇိုလစ်၊ ပါဗလီဒစ်၊ ဒူဗီကက်စ်တို့လို ပုံမှန်ဂိုးသွင်းနိုင်တဲ့ ကစားသမားတွေထွက်ပေါ်လာတာကြောင့် နောက်ပိုင်းမှာ ရလဒ်ကောင်းတွေ ပိုင်ဆိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၂၀၂၄ ယူရိုပြိုင်ပွဲရဲ့ ခြေစစ်ပွဲနောက်ဆုံးအဆင့်မှာ ဂျော်ဂျီယာကို ရှုံးခဲ့လို့ လွဲချော်ခဲ့တာကြောင့် ယူရိုပြိုင်ပွဲပြီးကတည်းက ပြိုင်ပွဲစုံမှာ ကစားပုံပြောင်းလဲခဲ့တာကို သတိပြုရမှာပါ။ အဲ့ဒီနောက်ပိုင်းပွဲစဉ်တွေမှာတော့ ငါးပွဲဆက်ရှုံးပွဲမရှိတော့ဘဲ တိုက်စစ်က ပွဲတိုင်းဂိုးရခဲ့သလို ခံစစ်ကလဲ တစ်ဂိုးသာ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ လက်ရှိနည်းပြသစ် ဂျိုဗန်နီဗစ်ကတော့ အသင်းကို ပုံစံကောင်းရရှိအောင် တည်ဆောက်ထားနိုင်တာကြောင့် အင်္ဂလန်လို အဘက်ဘက်က သာလွန်တဲ့အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရတဲ့ထိ စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ အင်္ဂလန်နဲ့ပွဲက ကစားပုံတိုင်း ကစားနိုင်မယ်ဆိုရင် ဂိုးပြတ်နိုင်ဖို့ သေချာနေတာကြောင့် ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဂရိအသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဖင်လန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စကော့တလန် | ၂ | - | ၂ | ဖင်လန် |
| ဂရိ | ၃ | - | ၀ | ဖင်လန် |
| အင်္ဂလန် | ၂ | - | ၀ | ဖင်လန် |
| ဖင်လန် | ၁ | - | ၂ | အိုင်ယာလန် |
| ဖင်လန် | ၁ | - | ၃ | အင်္ဂလန် |

### ဂရိအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မော်တာ | ၀ | - | ၂ | ဂရိ |
| ဂရိ | ၃ | - | ၀ | ဖင်လန် |
| အိုင်ယာလန် | ၀ | - | ၂ | ဂရိ |
| အင်္ဂလန် | ၁ | - | ၂ | ဂရိ |
| ဂရိ | ၂ | - | ၀ | အိုင်ယာလန် |

## သြစတြီးယားအသင်းကို ရွေးချယ်ရမှာပါ

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ သြစတြီးယားအသင်းနဲ့ ဆလိုဗေးနီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သြစတြီးယားအသင်းဟာ အုပ်စုပွဲစဉ်ငါးပွဲကစားခဲ့ရာမှာ ဆလိုဗေးနီးယားအသင်းကို ပထမအကျော့မှာ တစ်ဂိုးစီသရေ၊ နော်ဝေအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ ပထမအကျော့မှာရှုံးခဲ့ပေမဲ့ ကာဇက်စတန်အသင်းကို လေးဂိုးဂိုးမရှိ၊ နော်ဝေအသင်းကို ဒုတိယအကျော့မှာ ငါးဂိုးတစ်ဂိုး၊ ကာဇက်စတန်ကို ဒုတိယအကျော့မှာ နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာကြောင့် ရမှတ် ၁၀ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေတာဖြစ်ပါတယ်။ နော်ဝေနဲ့ ဆလိုဗေးနီးယားအသင်းကတော့ ရမှတ်ခုနစ်နဲ့ အဆင့်(၂)၊ အဆင့်(၃) မှာရောက်နေတာကြောင့် အခုပွဲစဉ်ဟာ သြစတြီးယားအတွက် နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ဖြစ်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပထမအကျော့ ဆလိုဗေးနီးယားအိမ်ကွင်းမှာ ဘောလုံးပိုင်ဆိုင်မှု အသာဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ ကစားနိုင်ခဲ့ပေမဲ့နောက်ကနေ ချေပဂိုးသွင်းယူပြီး ရမှတ်ခွဲယူခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြ ရန်းဂ်နစ်အနေနဲ့ ပထမအကျော့က လူစာရင်းနဲ့ ပွဲထွက်လာနိုင်ပေမဲ့ တိုက်စစ်ကစားပုံမြှင့်တင်လာနိုင်တာကြောင့် အခုပွဲမှာ ဆလိုဗေးနီးယားကို အိမ်ကွင်းမှာ ဖိအားပေးနိုင်မှာသေချာပါတယ်။

ဆလိုဗေးနီးယားအသင်းဟာ အခုအုပ်စုမှာ ကာဇက်စတန်အသင်းကိုသာ နှစ်ကျော့စလုံး အနိုင်ရခဲ့တာကြောင့် ရမှတ်ခုနစ်မှတ်နဲ့ အဆင့်(၃) မှာရောက်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ကစားပုံမှာ အားနည်းချက်ရှိတာကြောင့် အဝေးကွင်းပွဲတွေမှာ ခံစစ်ပိုင်းပေးဂိုးများခဲ့တာကို ပြီးခဲ့တဲ့ နော်ဝေအသင်းနဲ့ ပွဲစဉ်မှာ တွေ့မြင်ရမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဥရောပမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတယ်ဆိုပေမဲ့ သြစတြီးယားအသင်းရဲ့ အနာတိုဗစ်၊ ဆာဘစ်ဇာ၊ လိုင်မာတို့လို ကစားသမားတွေကိုတော့ ထိန်းချုပ်နိုင်မဲ့ အခြေအနေမရှိတာကြောင့် အခုပွဲမှာလဲ ဂိုးမပြတ်မရှုံးနိမ့်ရေးသာ ကြိုးပမ်းရမှာပါ။ လက်ရှိသြစတြီးယားအသင်းရဲ့ တိုက်စစ်ကလဲ အုပ်စုငါးပွဲမှာ ၁၃ ဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် ဆလိုဗေးနီးယား ခံစစ်ပိုင်းဂိုးပေးရဖို့သေချာနေပါတယ်။ ပထမအကျော့မှာတော့ သြစတြီးယားဟာ အဖွင့်စဉ်ဖြစ်တာကြောင့် ပြိုင်ပွဲကို ထိန်းချုပ်ဖို့သာပြင်ဆင်လာတာဖြစ်ပေမဲ့ အခုဒုတိယအကျော့မှာတော့ ရမှတ်ပြည့်မှ မယူနိုင်ရင် လိဂ်(A) တန်းတက်ခွင့် ဆုံးရှုံးနိုင်တာဖြစ်လို့ မဖြစ်မနေနိုင်ပွဲရှာရမဲ့ သြစတြီးယားအသင်းကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

### သြစတြီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆလိုဗေးနီးယား | ၁ | - | ၁ | သြစတြီးယား |
| နော်ဝေ | ၂ | - | ၁ | သြစတြီးယား |
| သြစတြီးယား | ၄ | - | ၀ | ကာဇက်စတန် |
| သြစတြီးယား | ၅ | - | ၁ | နော်ဝေ |
| ကာဇက်စတန် | ၀ | - | ၂ | သြစတြီးယား |

### ဆလိုဗေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပေါ်တူဂီ | ၀ | - | ၀ | ဆလိုဗေးနီးယား |
| ဆလိုဗေးနီးယား | ၁ | - | ၁ | သြစတြီးယား |
| ဆလိုဗေးနီးယား | ၃ | - | ၀ | ကာဇက်စတန် |
| နော်ဝေ | ၃ | - | ၀ | ဆလိုဗေးနီးယား |
| ကာဇက်စတန် | ၀ | - | ၁ | ဆလိုဗေးနီးယား |

## အီတလီအသင်းနဲ့လက်တွဲရမှာပါ

ယူအီးအက်ဖ်အေနေးရှင်းလိဂ် (A) မှာ အကြိုက်တွေ့မိတာကတော့ အီတလီအသင်းနဲ့ ပြင်သစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ဘယ်လ်ဂျီယံ၊ အစ္စရေးတို့နဲ့ ကစားခဲ့ရတာကြောင့် ပွဲကျပ်ခဲ့တာကိုတွေ့ရမှာပါ။ ဒီအုပ်စုမှာတော့ အစ္စရေးက အိမ်ဖြည့်ဖြစ်ခဲ့ပြီး အီတလီနဲ့ ပြင်သစ်က ရှုံးထွက်ဆင့်ကိုတက်ရောက်ဖို့ ယှဉ်ပြိုင်နေရတာဖြစ်ပါတယ်။ အီတလီဟာနည်းပြ စပယ်လက်တီလက်ထက်မှာ လူငယ်ကစားသမားတွေကို ပွဲထုတ်ခဲ့ပေမဲ့ ခြေစွမ်းပိုင်းတိုးတက်မှုရှိလာတာကြောင့် ပြင်သစ်အသင်းကိုတောင် ပထမအကျော့ အဝေးကွင်းမှာ သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့လေးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ရမှတ် ၁၀ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေပေမဲ့ ပြင်သစ်အသင်းနဲ့ ပွဲမှာအနည်းဆုံး သရေကစားနိုင်မှာ ဆီမီးဖိုင်နယ်ကိုတက်ရောက်မှာဖြစ်လို့ နိုင်ပွဲရှာဖို့ပြင်ဆင်လာမှာဖြစ်တယ်။

ပြင်သစ်အသင်းဟာ ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားကောင်းတဲ့အသင်းဖြစ်ပေမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲမှာတော့ ရလဒ်ကောင်းခဲ့ခြင်းမရှိတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီမှာ ဆုဖလားယူနိုင်ခဲ့ပြီးနောက်ပိုင်း အခုပြိုင်ပွဲကို အားထည့်မကစားတော့ဘဲ ယူရိုပြိုင်ပွဲနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတို့ကိုသာ အလေးထားခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အီတလီအသင်းကိုရှုံးခဲ့တာကလွဲရင် ကျန်ပွဲတွေကို အနိုင်ရခဲ့လို ရမှတ်ကိုးမှတ်နဲ့ အဆင့်(၂) ရောက်ရှိနေပေမဲ့ တိုက်စစ်ကစားပုံကတော့ ကျဆင်းသွားတာကိုတွေ့ရမှာပါ။ ဒ့ါပြင် အသင်း ခေါင်းဆောင် အမ်ဘက်ပီကလဲ အသင်းလူစာရင်းမှာ ပါဝင်လာခြင်းမရှိတာကြောင့် သူရမ်၊ အန်ကူကူ၊ ဘာကိုလာတို့ ခြေစွမ်းပြ နိုင်ပ့ါမလားဆိုတာ စောင့်ကြည့်ရမှာပါ။ လက်ရှိပြင်သစ်အသင်းရဲ့ ခံစစ်ကစားပုံက အားနည်းချက်ရှိနေတာကြောင့် အဝေးကွင်းမှာ အစ္စရေး၊ ဘယ်လ်ဂျီယံတို့ကို ဂိုးပေးခဲ့ရလို့ အခုပွဲစဉ်မှာ အီတလီလို အိမ်ကွင်းကစားပုံကောင်းတဲ့ အသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့တော့ အခက်တွေ့မှာပါ။ အခုပွဲစဉ်မှာ အီတလီဟာ ပြင်သစ်ကို တိုက်စစ်ပိုင်းယှဉ်မရပေမဲ့ ခံစစ်နဲ့ ကွင်းလယ်ပိုင်းမှာတော့ သာလွန်နေတာကြောင့် ခံစစ်ကစားပုံကောင်းတဲ့ အီတလီအသင်းအနည်းဆုံး ရမှတ်ခွဲယူနိုင်မှာဖြစ်လို့ အိမ်ရှင်အီတလီအသင်းနဲ့ပဲ လက်တွဲရမှာပါ။

### အီတလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆွစ်ဇာလန် | ၂ | - | ၀ | အီတလီ |
| ပြင်သစ် | ၁ | - | ၃ | အီတလီ |
| အစ္စရေး | ၁ | - | ၂ | အီတလီ |
| အီတလီ | ၂ | - | ၂ | ဘယ်လ်ဂျီယံ |
| အီတလီ | ၄ | - | ၁ | အစ္စရေး |

### ပြင်သစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပိန် | ၂ | - | ၁ | ပြင်သစ် |
| ပြင်သစ် | ၁ | - | ၃ | အီတလီ |
| ပြင်သစ် | ၂ | - | ၀ | ဘယ်လ်ဂျီယံ |
| အစ္စရေး | ၁ | - | ၄ | ပြင်သစ် |
| ဘယ်လ်ဂျီယံ | ၁ | - | ၂ | ပြင်သစ် |




**5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်**

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက်ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ် နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်းဖြစ်ပါသည်။


# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၈၄၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၈၄၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၃၂၇ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကုလားပဲ ၅၈၄၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ကုလားပဲကေ ၅၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကုလားပဲ ကေ ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်စေဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ကေစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကြကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်စေရန် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မှော်ဘီမြို့နယ် သရက်သုံးပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း စစ်ဆေး

**မှော်ဘီ နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ဝါးပတောကျေးရွာအုပ်စု သရက်သုံးပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မှော်ဘီမြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ သရက်သုံးပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်သုံးပင်ကျေးရွာရှိ အဆိုပါကျေးရွာတွင်း ကွမ်ကရစ်လမ်းသည် အရှည် ပေ ၆၂၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံ ငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၈၀ အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာ စတုတ္ထပတ်က စတင်ဆောင်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက် မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန် **ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက် မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ၊

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ** သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှ စတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့**တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် ကျပ် **၁၇၄၀၀၀/-**၊ တတိယနှစ် ကျပ် **၁၈၀၀၀၀/-**ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်း ခံစားခွင့်ရှိသည်-

(က) ဘွဲ့လက်မှတ်အပ်နှင်းခြင်း။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) တာဝန်ပေးအပ်ခြင်း။ တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက် တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် သတ်မှတ်ထားသည့် **အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။



"ဒေါမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"

နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်။
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅




STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ ဦးတင်ညွှန့် + ဒေါ်မြမြဝင်း တို့၏သား **မောင်သန့်ဇင်(၉/ခမစ(နိုင်)၀၃၇၁၀၁)** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*စုံစမ်းမေးမြန်းခြင်းသည်းခံပါ*

ဦးတင်ညွှန့် (၉/မရတ(နိုင်)၀၂၂၀၄၉)
ဒေါ်မြမြဝင်း (၅/မမန(နိုင်)၁၁၃၂၉၀)

## မွေးသက္ကရာဇ်အမှန်

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရွာသစ်ကလေးကျေးရွာနေ ဦးသန့်ဇင်ဦး+ဒေါ်ခင်ဆွေဝင်း တို့၏သမီး မယွန်းသန္တာဦး ၏မွေးသက္ကရာဇ်အမှန်မှာ ဖွားစာရင်းအရ ၂၄-၇-၂၀၁၉ ဖြစ်ပါကြောင်း။

၂၄-၇-၂၀၁၉

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်း



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"



"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

- "ပညာ"ဆိုသည်မှာ အများအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ရရှိစေ...
- နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် "စစ်မှန်သည့်အင်အား"တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်



ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းတစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ပဋ္ဌာန်းဒေသနာတော်နှင့်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

